# ဗုဒ္ဓစွယ်တော် ခြေတော်ရာ

# ဆွမ်းတော်ကပ်နည်း




ဘဒ္ဒန္တနာရဒါဘိဝံသ(လုရတနာ)

ပထမကျော်၊ အဂ္ဂမဟာအကျော်၊ အဋ္ဌကထာပြန်အကျော်

သ·စ·အ ဓမ္မာစရိယ၊ ဝင့်သကာ၊ ပါဠိပါရဂူ၊

တိပိဋကဩဝါဒါစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ

## သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

## အလှူတကာတွင်

## တရားဓမ္မအလှူသည်အမြတ်ဆုံး

သို့

--------------------

--------------------

--------------------

မှ

--------------------

--------------------

--------------------

အမှတ်တရ ဓမ္မဒါနလက်ဆောင်မွန်

နေ့စွဲ----------------

# ဗုဒ္ဓစွယ်တော် ခြေတော်ရာ
# ဆွမ်းတော်ကပ်နည်း

## လှူရတနာစာစဉ် (၆၇)

ဘဒ္ဒန္တနာရဒါဘိဝံသ (လှူရတနာ)

(ပထမကျော်, အဂ္ဂမဟာအကျော်, အဋ္ဌကထာပြန်အကျော်,

ဝံ့သကာ, ပါဠိပါရဂူ, သ-စ-အ ဓမ္မာစရိယ။

တိပိဋကဩဝါဒါစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)

သာသနာ - ၂၅၆၁၊ ကောဇာ - ၁၃၇၉၊ ခရစ် - ၂၀၁၇

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် ၂၀၁၇-အောက်တိုဘာလ။ |
| အုပ်ရေ | - | ၁၅၀၀ |
| စီစဉ်သူ | - | ဘဒ္ဒန္တနာရဒါဘိဝံသ (လုရတနာ) |
| မျက်နှာဖုံးဒီဇိုင်း | - | ကိုမြင့်မောင်၊ |
| ဓာတ်ပုံ | - | ကိုအောင်ဟိန်း |
| ပုံနှိပ်သူ | - | ဦးမြင့်ဦး<br>(သိန်းသန်းဦး အောက်ဖ်ဆက်)<br>အမှတ်(၁၂၁/၁၁၉)၊ ၃၄-လမ်း၊<br>ကျောက်တံတားမြို့နယ်၊ ရန်ကုန်။<br>ဖုန်း-၂၅၂၆၂၀၊ ၃၉၈၀၃၁။ |
| ထုတ်ဝေသူ | - | ဦးမြင့်ဦး (ရွှေကျေးစာပေ) |

ဘဒ္ဒန္တနာရဒါဘိဝံသ – ဗုဒ္ဓစွယ်တော်နှင့် ခြေတော်ရာ ဆွမ်းတော်ကပ်နည်း
ရွှေကျေးစာပေ ၂၀၁၇–ခုနှစ်၊ အောက်တိုဘာလ၊ ပထမအကြိမ်၊
၄၁၉– စာ၊ ၁၃၊ ၂၂ × ၂၀–စင်တီ
ဗုဒ္ဓစွယ်တော်နှင့် ခြေတော်ရာ ဆွမ်းတော်ကပ်နည်း

# နိဒါန်းအမှာစာ

# ဂုဏ်ပြု ပူဇော်ပွဲများ

စာရေးသူသည် ၂၀၁၆-၂၀၁၇ခုနှစ်တွင် (၆၉)ကြိမ်မြောက်အဖြစ် ကျင်းပသည့် တိပိဋကစရေ+တိပိဋက ကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီး၌ တိပိဋကဓြဝါဒါစရိယ ဖြစ်လာသလို၊ (၆၉)နှစ်မြောက် လွတ်လပ်ရေး နေ့မှာလည်း နိုင်ငံတော်အစိုးရမှ ဆက်ကပ်သော သာသနာရေး ဆိုင်ရာဘွဲ့တို့တွင် စာချပထမဘွဲ့ဖြစ်သည့် **"အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ"**ဘွဲ့ကိုပါ ရရှိခဲ့ပါသည်။

ယင်းသို့ တိပိဋကဓြဝါဒါစရိယနှင့် **"အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ"**ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံ ရခြင်း အထိမ်းအမှတ်အဖြစ် နိုင်ငံတော်အစိုးရနှင့် ရဟန်းဒါယကာ+ဒါယိကာမအများ၊ အသင်းအဖွဲ့များ၊ အလှူရှင်တို့က အသီးအသီး ဂုဏ်ပြုပွဲများ ကျင်းပလျက် ပူဇော်ကြ၏။ နိုင်ငံတော်အစိုးရက တပေါင်းလပြည့်နေ့တွင် နေပြည်တော်၌ ပြုလုပ်ခဲ့သလို ရွှေသံလွင်ကုမ္ပဏီ၊ ရွှေဥစိန်ရွှေရတနာဆိုင်၊ မကြီးရတနာတိုက်၊ ပရိယတ္တိသာသန

ပါလအသင်းတို့အပြင် ရွှေကုန်သည် ဦးသိန်းဇော်+ ဒေါ်ကြူကြူဝင်း မိသားစုက မန္တလေးမြို့ ပေါက်မြိုင်တိုက်၌ ဂုဏ်ပြုပွဲကို ပြုလုပ်ခဲ့လေသည်။

## အမှတ်တရအလှူ ကုသိုလ်များ

ယင်းသို့သော ဂုဏ်ပြုပွဲတို့မှ ရရှိလာသော နဝကမ္မ တို့ကို ဆိုင်ရာဆိုင်ရာ ဘုရားစေတီ ကျောင်းတိုက် ဘိုးဘွား ရိပ်သာတို့၌ ပြန်လည်၍ လှူဒါန်းခဲ့ပါသည်။ ထိုအလှူ ကုသိုလ်တို့မှာ ဖော်ပြပါအတိုင်းပင်ဖြစ်သည်။

၁။ မန္တလေးမြို့၊ ဘုရားကြီးတိုက်၊ သာသနဝိပုလသိမ်(၂၅)သိန်း

၂။ ပုဂံ၊ လျှောင်ဒဏ်သင့် ရှေးဟောင်းဘုရားစေတီပြုပြင်ရန်(၂၅)သိန်း

၃။ ရှမ်းပြည်နယ်၊ မွေတော်ကက္ကူဘုရားများ ပြုပြင်ရန်(၁၀)သိန်း

၄။ ညောင်တုန်းတိုက် ပဒေသာပင် နှစ်ပင်စိုက်ထူခြင်း(၅၀)သိန်း

၅။ကသာမြို့၊ ရွှေဂူကြီးဘုရား၌ ရွှေခြေတော်ရာနှစ်ဆူအလှူ(၃၂)သိန်း

၆။ ကသာမြို့၊ ဘိုးဘွားရိပ်သာ လျှပ်စစ်မီးဆင်ရန်အလှူ(၂၀)သိန်း

## အမှတ်တရ စာအုပ်များ

ထို့အပြင် ယင်းဂုဏ်ပြုပွဲတို့၌ အမှတ်တရ ဓမ္မဒါန စာအုပ်တို့ကိုလည်း ရေးသားထုတ်ဝေ လှူဒါန်း ခဲ့ပါသည်။ ထိုစာအုပ်တို့မှာ အောက်ပါအတိုင်းပင် ဖြစ်ကြသည်။

၁။ ရင်မှာစွဲကပ် နဝရတ်စေတီ တည်နည်း

၂။ သုံးပါးရတနာ ပန်ဆင်ပါ

၃။ မဟာ ဘုရားရှိခိုး

၄။ မြတ်သောယာဉ်

၅။ လောကကျက်သရေ တင့်ရှန်းဝေ

## မန္တလေးဂုဏ်ပြုပူဇော်ပွဲ၏ အသီးအပွင့်များ

မန္တလေးမှ ရွှေကုန်သည် ဦးသိန်းဇော်+ ဒေါ်ကြူကြူဝင်း မိသားစုက ပေါက်မြိုင်တိုက် ဓမ္မာရုံကြီး၌ (၄-၄-၂၀၁၇) နေ့တွင် ဂုဏ်ပြုပွဲ ပြုလုပ်ခဲ့ရာ **'လောကကျက်သရေ တင့်ရှန်းဝေ'** စာအုပ်ကို ထုတ်ဝေလှူဒါန်းရ၏။ ထို့အပြင် ယင်းဂုဏ်ပြု ပွဲမှ ဖြစ်ပေါ်လာသော နဝကမ္မတို့ကိုလည်း ရွှေဗုဒ္ဓခြေတော်ရာပါဒစေတီနှစ်ဆူ ပြုလုပ်လျက် ပေါက်မြိုင်ဆရာတော်၏ ဇာတိမြို့ဖြစ်သော ကသာမြို့မှ ရွှေဂူကြီးဘုရား၌ လှူဒါန်း ခဲ့ပါသည်။ ထိုရွှေဂူကြီး ဘုရား၌ ရွှေခြေတော်ရာ ပါဒစေတီတို့ကို လှူဒါန်းမှုပြုရာ (၃၀-၄-၂၀၁၇)နေ့၌ ဆွမ်းတော်ကြီးပွဲပေါင်း (၁၀၀၀)ကျော် ကပ်လှူလျက် ရေစက်ချအမျှပေးဝေခဲ့၏။ ထိုသို့ ဆွမ်းတော်ကြီးပွဲပေါင်း (၁၀၀၀) ကျော်ကို ကပ်လှူရာ၌

(၁၀၈)ကွက် စက် လက္ခဏာ ဆွမ်းတော်ကပ်နည်းဖြင့် ရွတ်ဆိုလျက် ကပ်လှူကြရ၏။

## တောင်ကြီးမြို့မှ ကုသိုလ်ပွဲများ

ရွှေကုန်သည်ဦးသိန်းဇော်+ဒေါ်ကြူကြူဝင်း- မိသားစုက ဤနှစ်တွင် (၂၂-၁၀-၂၀၁၇)နေ့မှာ တောင်ကြီးမြို့ သိမ်တောင် စာသင်တိုက်ကြီး၌ မဟာကထိန်တော် ခင်းလှူမည်ဖြစ်၏။ သိမ်တောင်စာသင်တိုက် ကြီးသည်ကား ရှမ်းပြည်နယ်တွင် ပညာရေး အောင်မြင်မှု ကြီး မားသော စာသင်တိုက်ကြီး ဖြစ်၏။ ငယ်-လတ်-ကြီး- ဓမ္မာစရိယဘွဲ့ရတို့အပြင် ယက်ာရဘွဲ့ရ သာမဏေများ အဘိဝံသဘွဲ့ရ ရဟန်းတော်များကို မွေးထုတ်ပေးနေ သော စာသင်တိုက်ကြီးပင်။ သို့ဖြစ်၍ ထိုမဟာကထိန်ပွဲ၌ လက်ာရဘွဲ့ရ သာမဏေများ အစိုးဓမ္မာစရိယနှင့် အဘိဝံသဘွဲ့ရ စာသင်သားတို့ကိုပါ ဂုဏ်ပြုပွဲပြုလုပ် ပေးမည်ဖြစ်၏။

ထိုဂုဏ်ပြုပူဇော်ပွဲ၌ ဂုဏ်ပြုခံ စာသင်သားတို့မှာ ဖော်ပြပါ သာသနာ့အာဇာနည်များ ဖြစ်ကြ၏။

၁။ ရှင်ခေမာစာရာလင်္ကာရ (လင်္ကာရတတိယဆင့်အောင်)
၂။ ရှင်ကေတုမာလာလင်္ကာရ (လင်္ကာရတတိယဆင့်အောင်)
၃။ ရှင်ပညာသာရာလင်္ကာရ (လင်္ကာရတတိယဆင့်အောင်)
၄။ ရှင်တေဇဗလာလင်္ကာရ (လင်္ကာရတတိယဆင့်အောင်)
၅။ ရှင်သုမနာလင်္ကာရ (လင်္ကာရတတိယဆင့်အောင်)
၆။ ရှင်စိန္တိတာလင်္ကာရ (လင်္ကာရတတိယဆင့်အောင်)
၇။ အရှင်သုစိတ္တာလင်္ကာရ (ဓမ္မာစရိယတွဲ့ရ)
၈။ အရှင်ဉာဏုတ္တရာလင်္ကာရ (သက်္ကသီဟစာသင်တန်းအောင်)

၄ ကထိန်အလှူရှင် မိသားစုအနေဖြင့် မဟာကထိန် အလှူအပြင် ဤသို့သော လင်္ကာရတွဲ့ရ ဓမ္မာစရိယတွဲ့ရ သက်္ကသီဟစာသင်တန်းအောင် သာသနာ့အာဇာနည် စာသင်သား (၈)ပါးတို့အား ဂုဏ်ပြုပူဇော်ခွင့်ရသည်မှာ ပရိယတ္တိသာသနာအတွက် အားတတ်စရာပင် ဖြစ်တော့၏။ ထိုမဟာကထိန်ပွဲ စာအောင်ဂုဏ်ပြုပွဲအပြီး (၂၃-၁၀-၂၀၁၇)နေ့သည်ကား စာရေးသူ၏ မွေးနေ့ပင်ဖြစ်နေရာ ထိုသိမ်တောင်စာသင်တိုက်မှာပင် မွေးနေ့သဘင်ကို ဆင်ယင်ကျင်းပရပေမည်။ ယင်းသို့ မွေးနေ့ပွဲသဘင် ဆင်ယင်ကျင်းပရာ၌ မဟာမုနိ ဘုရားကြီး ဝင်းအတွင်းမှာ

ရှိနေသည့် စကျင်ကျောက်သား ဗုဒ္ဓ ခြေတော်ရာကြီးနှစ်ဆူ တို့ကိုပါ ဆွမ်းတော်ပွဲပေါင်း (၁၀၀၀) ကျော်ကို ကပ်လှူကြ ပါမည်။ ထိုဘုရားခြေတော်ရာ ဆွမ်းတော်ကပ်ပွဲကို ရန်ကုန်-မန္တလေး-ကသာ-တောင်ကြီးမြို့များမှ ဒကာ+ဒကာမ တို့က ကပ်လှူပေးကြမည်ဖြစ်၏။

## စာအုပ်ဖြစ်ပေါ်လာမှု

ယင်းသို့မွေးနေ့တွင် ဘုရားခြေတော်ရာတို့ကို ဆွမ်းတော်ပွဲပေါင်း(၁၀၀၀)ကျော် ကပ်လှူရာ၌ (၁၀၈) ကွက် စက်လက္ခဏာ ဆွမ်းတော်ကပ်နည်းဖြင့် ရွတ်ဆို ကပ်လှူကြရ၏။ မကြာခဏလည်း လှရတနာကျောင်းတွင် ဘုရားခြေတော်ရာအသစ်လှူတိုင်း ကပ်လှူလေ့ရှိ၏။ ထို့အပြင် နှစ်စဉ် တပို့တွဲလပြည့်နေ့မှာ ကျင်းပသည့် စွယ်တော်ရတနာစေတီ ဘုရားပွဲ၌လည်း စွယ်တော်ကို လက္ခဏာ တော်ကြီး (၃၂)ပါး ဆွမ်းတော်ကပ်နည်းဖြင့် ကပ်လှူကြ၏။ သို့ဖြစ်ရာ ဆွမ်းတော်ကပ်သည့် စာအုပ်လေးတို့ကို မကြာခဏ မိတ္တူကူးပြီး ရွတ်ဖတ်ကြ ရသည်။ ဤနှစ် တောင်ကြီး မြို့မှာ ကျင်းပသည့် မွေးနေ့ အထိမ်းအမှတ် ဗုဒ္ဓခြေတော်ရာ ဆွမ်းတော်ကပ်ပွဲ၌မူ

ဗုဒ္ဓစွယ်တော်နှင့် ဗုဒ္ဓခြေတော်ရာ ဆွမ်းတော်ကပ်ပွဲတို့တွင် အသုံးပြုရှုတ်ဖတ်နိုင်ရန် **"ဗုဒ္ဓ စွယ်တော်နှင့် ခြေတော်ရာ ဆွမ်းတော်ကပ်နည်း"**စာအုပ်ကို စီစဉ်လိုက်ရပါသည်။ ဤစာအုပ်ကို ဓမ္မဒါနအနေဖြင့် လှူဒါန်းပေးသော ရွှေကုန်သည် ဦးသိန်းဇော်+ဒေါ်ကြူကြူဝင်း မိသားစုနှင့် တောင်ကြီးမြို့အထိ လိုက်ပါလျက် ကုသိုလ်ပြုပေး ကြသော ရန်ကုန်-မန္တလေး-ကသာမြို့မှ ရဟန်းဒကာ +ဒကာမများ ကိုလည်းကောင်း ကထိန်ပွဲ စာအောင်ဂုဏ်ပြုပွဲနှင့်မွေးနေ့ ပွဲကို ကူညီပေးကြသော သိမ်တောင် စာသင်တိုက်မှ သံဃာ များနှင့် တောင်ကြီးမြို့မှ ဒကာ+ဒကာမတို့ကိုလည်း ကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း ဂုဏ်ပြု မှတ်တမ်း တင်အပ်ပါသည်။

ဗုဒ္ဓစွယ်တော် ဗုဒ္ဓခြေတော်ရာတို့ကို ကြည်ညိုသည့် ကုသိုလ်စေတနာကြောင့် ဘေးရန်ကင်းရှင်း ကြလျက် ကောင်းကျိုးလိုရာဆန္ဒများ ပြည့်ဝကြပါစေ။

*လှရတနာဆရာတော်*

*(၁၇-၁၀-၂၀၁၇)*

# ဗုဒ္ဓစွယ်တော်နှင့်
# ခြေတော်ရာ
# ဆွမ်းတော်ကပ်နည်း၊
# ဓမ္မဒါန ကုသိုလ်ရှင်

ရွှေကုန်သည် ဦးသိန်းဇော်+ဒေါ်ကြူကြူဝင်း

သား–မောင်ပြည့်စုံ၊


သမီး–မနီလာဝင်း၊ မအိန္ဒြာသိန်းဇော်

မိသားစု၊ မန္တလေး

# မာတိကာ


| | | |
|---|---|---|
| ၁။ | ခုနှစ်ဌာန ပြည့်ဖြိုးသော ဘုရားရှင် | ၁ |
| ၂။ | ဝမ်းဗိုက်၏ သံတမန် | ၃ |
| ၃။ | မွန်မြတ်သော အစာအာဟာရများ | ၇ |
| ၄။ | ဘိက္ခာပရမ္မရဇာတ် | ၉ |
| ၅။ | ဓာတ်ကြီးလေးပါး ဆွမ်းကပ်နည်း | ၁၁ |
| ၆။ | ဗုဒ္ဓမြတ်စွယ်တော် ဘုရားရှိခိုး | ၁၆ |
| ၇။ | လက္ခဏာတော်ကြီး (၃၂)ပါး ဆွမ်းကပ်နည်း | ၁၉ |
| ၈။ | မဟာပုရိသလက္ခဏာတော်ကြီး(၃၂)ပါး | ၂၀ |
| ၉။ | ခန္ဓာကိုယ်အစိတ်အပိုင်း(၃၂)မျိုး | ၂၅ |
| ၁၀။ | အမျှဝေခြင်းနှင့် အမျှယူခြင်း | ၂၉ |
| ၁၁။ | သီရိလင်္ကာမှ ခြေတော်ရာတောင် | ၃၁ |
| ၁၂။ | အဖေ့ခြေရာစာအုပ် ပထမဆုရခြင်း | ၃၅ |
| ၁၃။ | (၁၀၈)ခွက် ကပ်လှူကောင်းပါရဲ့လား | ၃၉ |
| ၁၄ | နရသီဟပတေ့မင်းနှင့် ဟင်းခွက်(၃၀၀) | ၄၁ |

| | | |
|---|---|---|
| ၁၅။ | ဥဂ္ဂသူဌေး ဆွမ်းကပ်နည်း | ၄၄ |
| ၁၆။ | နှစ်သက်ဖွယ်ကိုလှူမှ နှစ်သက်ဖွယ်ရ | ၄၈ |
| ၁၇။ | (၁၀၈)ကွက် စက်လက္ခဏာဆွမ်းကပ်နည်း | ၅၂ |
| ၁၈။ | (၁၀၈)ကွက် စက်လက္ခဏာတော် နာမည်များ | ၅၃ |
| ၁၉။ | ဝိပဿနာဘာဝနာ ပွားများခြင်း | ၆၁ |
| ၂၀ | မေတ္တာပို့သခြင်းနှင့် မေတ္တာခံယူခြင်း | ၆၃ |
| ၂၁။ | ဗုဒ္ဓခြေတော်ရာ စက်နှိုးဂါထာတော်များ | ၆၅ |
| ၂၂။ | သမ္ဗုဒ္ဓါ(၃)ဖြာ ခြေတော်ရာ ဘုရားရှိခိုး | ၆၈ |
| ၂၃။ | ခြေတော်ရာဘုရားရှိခိုးနှင့် ဆုတောင်း | ၇၀ |
| ၂၄။ | ခြေတော်ရာ ပရိဘောဂပါဒစေတီ (၈)ဆူ | ၇၃ |
| ၂၅။ | ခြေတော်ရာပါဒစေတီ (၃)မျိုး သစ္စာပြုဂါထာ | ၇၇ |
| ၂၆၊ | ခြေတော်ရာ ဘုရားရှိခိုး လက်ာကြီး | ၈၁ |
| ၂၇။ | ခြေတော်ရာ ပုတီးစိပ်နည်းနှင့် အကျိုးများ | ၈၃ |



စွယ်တော်ရတနာစေတီ



သီရိရတနာ မြတ်စွယ်တော်




မန္တလေး ပေါက်မြိုင်တိုက်မှ ဂုဏ်ပြုပွဲ (၄-၄-၂၀၁၇)


လှရတနာဆရာတော်
ဘဒ္ဒန္တနာရဒါဘိဝံသ အား



ကသာမြို့ ရွှေဂူကြီးဘုရား ရွှေခြေတော်ရာ



ရွှေဂူကြီးဘုရားရှေ့မှ ရွှေခြေတော်ရာ



ပန်းတွေဝေနေသော ရွှေဂူကြီးဘုရား ရွှေခြေတော်ရာ





ရွှေဂူကြီးဘုရား ရွှေခြေတော်ရာ ဆွမ်းကပ်ပွဲ




ရွှေခြေတော်ရာ ဆွမ်းကပ်ပွဲမှ မုန့်ပွဲများ

(၂၀၁၇-၆-၀၆) ဂံၢ်ယးၡီၤ ဃၣ်လၢတၡၢၤခီ



(၂၀၁၇-၆-၁၀) ဂိုဏ်ယးရှစိ ဃင်ထေခမြာဗိ





ရွှေဂူကြီးဘုရား ဆွမ်းကပ်ပွဲမှ အလှူရှင်မိသားစု



လှုရတနာကျောင်း စွယ်တော်ဘုရားပွဲ၌ ဆွမ်းကပ်ပွဲ



လှရတနာကျောင်း ဘုရားခြေတော်ရာ ဆွမ်းကပ်ပွဲ



လုရတနာကျောင်း ဘုရားခြေတော်ရာ ဆွမ်းကပ်ပွဲ

'နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ'

## ဗုဒ္ဓစွယ်တော်နှင့် ခြေတော်ရာတို့အား ဆွမ်းတော်ကပ်နည်း ဖြစ်ပေါ်လာပုံ

## သတ္တုဿတာ လက္ခဏာတော်

ခုနှစ်ဌာန အသားတော် ပြည့်ဖြိုးသော ဘုရားရှင်

ချိုမြိန်ကောင်းမြတ်၊ ရသာဓာတ်ကို၊ ဆက်ကပ် ပူဇော်၊ လှူဘူးသော်ကြောင့်--၊ ခြေတော်ဖမိုး၊ လက်ဖ မိုးတော်၊ ပခုံးတော်နှင့်၊ ကုပ်တော်ခုနှစ်ချက်၊ စုံ့လျက်ဖြိုးဖြိုး၊ ညှပ်ရိုး ပခုံး၊ လက်ရုံး ရင်တော်၊ ခုနှစ်ဖော် လည်း၊ ရှုမြော်မညိုး၊ ဆူးဖြိုးတင့်စွာ၊ လက္ခဏာဖြင့်--၊ အရသာဓာတ်၊ ထူးအမြတ် ကို၊ မပြတ် သုံးဆောင်တော်မူရပါသော မြတ်စွာဘုရား မြတ်စွာဘုရား--။

ဤလက်ာသည်ကား မြတ်စွာဘုရားရှင်၏ မဟာပုရိသ လက္ခဏာတော်ကြီး (၃၂)ပါးထဲမှ "သတ္တုဿဒတာ လက္ခဏာတော်"ကို ပုံဖော်ဖွဲ့ ဆိုထားသောလင်္ကာ ဖြစ်သည်၊ ဤလင်္ကာတွင် မြတ်စွာဘုရားရှင်၌ သတ္တုဿဒတာ လက္ခဏာ ရရှိခြင်း၏ ရှေးအတိတ်အကြောင်း ကသိုလ်ကံကိုလည်းကောင်း၊ အကျိုးရင်း လက္ခဏာကိုလည်းကောင်း၊ အကျိုးဆက် အာနိသံသကို လည်းကောင်း၊ (၃)မျိုးပိုင်းလျက်ဖော်ပြ ထားပေသည်။

မြတ်စွာဘုရားရှင်သည် အလောင်းတော် ဘဝဖြင့် ကမ္ဘာများစွာ ဖြစ်ခဲ့ရာ၌ မွန်မြတ်၍ အရသာနှင့် ပြည့်စုံသော မုန့်ခဲဘွယ် ဘောဇဉ်တို့ကိုလည်းကောင်း၊ ထောပတ်ဆီဥစသည်နှင့်နို့ဃနာစသည့် အစာအာဟာရ တို့ကိုလည်းကောင်း၊ အဖျော်တို့ကိုလည်းကောင်း ပေးလှူတော်မူခဲ့၏၊ ယင်းသို့ ပေးလှူရာ၌ အဆီသြဇာ ပြည့်ဝ၍ အရသာရှိလှသော အစာ အာဟာရတို့ကိုသာ ပေးလှူခဲ့ပေသည်၊ အဆီသြဇာ ခြောက်ခန်းသော အစာအာဟာရတို့ကိုမူ မပေးလှူခဲ့ချေ။

## ဓမ်းဗိုက်၏ သံတမန်

ဘုရားလောင်း၏ ချိုမြန်ကောင်းမြတ်သော ရသာဓာတ်ပါရှိသည့် အစာအာဟာရပေးလှူခဲ့ပုံကို (၅၅၀)ဇာတ်နိပါတ်တော်လာ ဒူတဇာတ် (ဇာတက ၄ကထာ၊ ၂၊ ၂၈၈)အရ သိနိုင်ပါ၏၊ ဘုရားလောင်းသည် တခုသောဘဝတွင် ဗာရာဏသီပြည်၌ “ဘောဇနသုဒ္ဓိက” အမည်ဖြင့် ဘုရင်မင်းမြတ် ဖြစ်ခဲ့လေသည်၊ ထိုဘောဇနသုဒ္ဓိကဘုရင်မင်းမြတ်ကား အလွန်ဘုန်းကံ ကြီးမားသူ ဖြစ်၏၊ ပွဲတော်တည် စားတော်ခေါ် (သုံးဆောင်)သည့်အခါ အဖိုးတစ်သိန်း ထိုက်သည့် ရွှေခွက်ထဲမှာ အဖိုးတစ်သိန်းပင်ထိုက်တန်သော မွန်မြတ်သည့် စားသောက်ဖွယ်ရာတို့ကိုသုံးဆောင်လေ့ရှိ၏၊ သုံးဆောင်သည့် အခါမှာလည်းမြင်ရသူများ ကုသိုလ်ကောင်းမှု ပြုချင်စိတ်ပေါ်လာစေရန်ရွှေအတိ ပြီးသည့် ရာဇပလ္လင်ပေါ်မှာ ထိုင်ပြီး မင်းသမီးများခြံရံစေကာ ကြီးကျယ်ခမ်းနားစွာ သုံးဆောင်တော်မူလေသည်။

တနေ့တွင်မူ အရပ်သားတစ်ယောက်သည် ဆာလွန်းလှသဖြင့် ‘သံတမန်တဦးပါ’ဟု ပြောဆိုပြီး ဘုရင်၏ရွှေခွက်ထဲမှ ထမင်း တစ်ဆုပ်ကို ကောက်ယူပြီး စားလိုက်

လေသည်၊ သက်တော်စောင့်က သန်လျက်ဓားဖြင့် ထိုသူ၏ ဦးခေါင်းကို ဖြတ်မည်ပြုရာ ဘုရင်က ဟန့်တားလိုက်ရ၏၊ သံတမန်ကိုလည်း မကြောက်မရွံ့ပဲ စားရန် တိုက်တွန်းပြီး ကျွေးမွေးလိုက်၏၊ စားသောက်ပြီး သည့်အခါတွင်ကား ဘုရင်က "သင်ဟာ မည်သူရဲ့ သံတမန်ပါလဲ"ဟု မေးမြန်းရာ ထိုအရပ်သားက "အရှင်မင်းကြီး ကျွန်တော်မျိုးဟာ ဆာလောင်မှု တဏှာရဲ့ စေခိုင်းချက်အရ လာရတာမို့ တဏှာဒူတ= တဏှာရဲ့ သံတမန်ဖြစ်သလို ဝမ်းရေး အတွက် လာရတာမို့ ဥဒရဒူတ=ဝမ်းဗိုက်ရဲ့ သံတမန်လည်း ဖြစ်ပါတယ်ဘုရား"ဟု လျှောက်တင်ခဲ့လေသည်၊ ထိုအခါ ဘုရင်မင်းမြတ်က "မောင်မင်း-လျှောက်တင်သည့် စကား မှန်လှပါပေ၏၊ အားလုံးသော သတ္တဝါ တွေဟာ ဝမ်းဗိုက် ရဲ့ အမှုတော်ကို ထမ်းရွက်နေကြရလို့ ဝမ်းဗိုက်ရဲ့ သံတမန် တွေချည်းပါပဲ၊ ထို့အတူ ဆာလောင်မှုတဏှာရဲ့ စေခိုင်းစီမံ ချက်အရ ဆောင်ရွက် နေရတာ မို့လည်း တဏှာရဲ့ သံတမန်တွေ ဖြစ်နေကြရတယ်၊ သင်ဟာ နှစ်သက်ဖွယ် စကား လျှောက်ထားပြောဆိုလိုက်တာပဲ"ဟု အမိန့်ရှိလိုက် လေသည်၊ ထို့အပြင် ဥသဘ နွားလားနှင့် နွားတထောင်ကို

ဆုတော်လာဘ်တော် အနေဖြင့် ပေးကမ်းချီးမြှင့်ခဲ့လေသည်။

ငါတို့နေရာ ဤကမ္ဘာ တဏှာအုပ်စိုးသည်။
တဏှာစေရာ မနေသာ ဖွေရှာဆက်ရသည်။
*(မဟာဂန္ဓာရုံဆရာတော်)*

## ဂဝပါနဘောဇဉ်

ထို့အပြင် ဂေါတမဘုရားလောင်းသည် မင်္ဂလဘုရားရှင်ကို တွေ့ဆုံဖူးမြော်ရချိန်၌ သုရုစိပုဏ္ဏားအနေဖြင့် တွေ့ဆုံရ၏၊ မင်္ဂလ ဘုရားရှင် အမှူးရှိသော ကုဋေတစ်သိန်းသော သံဃာတော်များအား ရတနာ(၇)ပါး စီချယ်ထားသော ရတနာမဏ္ဍပ်ကြီးအတွင်းဝယ် "ဂဝပါန" မည်သော ဘောဇဉ်ကို (၇)ရက်ပတ်လုံး ဆက်ကပ်လှူဒါန်းခဲ့လေသည်။

"ဂဝပါနဘောဇဉ်"ဟူသည် ထမင်းအိုးကြီးတို့ကို နို့ရည်ဖြင့် ပြည့်စေ၍ နို့ရည် ခပ်ပျစ်ပျစ်ကျက်ပြီးလေသော် ဆန်အနည်းငယ်တို့ကို ထည့်၍ ကျက်ပြီးသော ပျားရည် သကြားမှုန့် ထောပတ်တို့ဖြင့် ရောစပ်ပြုစီရင်ထားသော အစာအာဟာရ ဘောဇဉ်ပင်ဖြစ်သည်။

*(အဋ္ဌသာလိနီ အဋ္ဌကထာ-၆၁)*

ယင်းသို့ မွန်မြတ်ကောင်းမွန်သည့် အစာအာဟာရ တို့ကို ပေးလှူတော်မူခဲ့ခြင်းသည် ရှေးအတိတ်အကြောင်း ကုသိုလ်ကံပင် ဖြစ်သည်၊ ဤရှေးအတိတ်အကြောင်း ကုသိုလ်ကံကို လင်္ကာတွင် "ချိုမြိန်ကောင်းမြတ်၊ ရသာ ဓာတ်ကို၊ ဆက်ကပ်ပူဇော်၊ လှူဘူး သော်ကြောင့်" ဟူသောအပိုဒ်ဖြင့် ပြဆိုသည်။

ထိုသို့ ဘဝများစွာ၌ မွန်မြတ်ကောင်းမွန်သော အစာ အာဟာရ တို့ကို ပေးလှူတော်မူခဲ့သောကြောင့် ဘုရား ဖြစ်တော်မူသည့်ဘဝ၌ "သတ္တုဿဒတာလက္ခဏာ"ကို ရရှိတော်မူသည်၊ သတ္တုဿဒတာ လက္ခဏာဟူသည် နေရာခုနစ်ဌာနတို့၌ အသားတော် ပြည့်ဖြိုးခြင်း သပ္ပါယ် ခြင်းပင်ဖြစ်သည်၊ မြတ်စွာဘုရားရှင်၏ ခြေဖမိုးတော် နှစ်ဖက် လက်ဖမိုးတော်နှစ်ဖက်တို့သည် ပြားချပ်ချပ်မနေပဲ အသားရေပြည့်၍ မို့မို့မောက်မောက်ရှိတော်မူကြသည်၊ ပခုံးတော်နှစ်ဖက်မှာလည်း ချိုင့်လျက်မနေပဲ အသားအရေ ပြည့်ဖြိုးတော်မူသည်၊ လယ်ကုပ် တော်လည်း အရိုးမထင် ပေါ်ပဲ အသားအရေ ပြည့်ဖြိုးတော်မူ၏၊ ဤသို့ ခုနစ် ပါးသော နေရာအရပ်ဌာနတို့၌ အသားအရေ ပြည့်ဖြိုး လျက် တင့်တယ်သပ္ပါယ်ခြင်းသည် အကျိုးရင်း "သတ္တုဿ

ဒတာ” လက္ခဏာပင်ဖြစ်သည်၊ လင်္ကာတွင် “ခြေတော် ဖမိုး၊ လက်ဖမိုး တော်၊ ပခုံးတော်နှင့်၊ ကုပ်တော်ခု နှစ်ချက်၊ စုံ့လျက်ဖြိုးဖြိုး၊ ညှပ်ရိုးပခုံး၊ လက်ရုံးရင်တော်၊ ခုနှစ်ဖော်ည လည်း၊ ရှုမြော်မညိုး၊ ဆူးဖြိုးတင့်စွာ၊ လက္ခဏာဖြင့်” ဟူသောအပိုဒ်မှာ အကျိုးရင်း သတ္တုဿဒတာ လက္ခဏာ ရရှိပုံကို ဖွဲ့ဆိုထားခြင်း ဖြစ်ပေသည်။

အကျိုးဆက်အနေဖြင့်မူ မွန်မြတ်၍ အဆီသြဇာ အရသာနှင့် ပြည့်စုံသော ခဲဘွယ် စားဘွယ် သောက်ဘွယ် လျက်ဘွယ်-ဟူသော အစာအာဟာရတို့ကို များစွာ ရရှိ တော်မူလေသည်၊ ဤသို့ အစားကောင်း အသောက် ကောင်းတို့ကို မပြတ်သုံးဆောင်ရရှိခြင်းကို လင်္ကာတွင် “အရသာခတ်၊ ထူးအမြတ်ကို၊ မပြတ်သုံးဆောင် တော်မူရပါသော မြတ်စွာဘုရား မြတ်စွာဘုရား” ဟူသောအပိုဒ်က ဖေါ်ပြပါသည်။

## မွန်မြတ်သော အစာအာဟာရများ

မြတ်စွာဘုရားရှင် အစားကောင်း အသောက် ကောင်းတို့ကို ရရှိတော်မူခဲ့သည်တို့မှာ-

၁။ သုဇာတာသူဌေးကတော် လှူဒါန်းသည့် နွားမ တစ်ထောင်တို့၏ နို့ရည်ဖြင့်ချက်သော ဃနာနို့ဆွမ်း၊

၂။ တပုဿ,ဘလ္လိက ကုန်သည်ညီနောင်တို့ ကပ်လှူသည့် ကြွက်ကျစ်မုန့်, ပျားဆုပ်မုန့်၊

၃။ သောဏကောဠိဝိသသူဌေး လှူဒါန်းသည့် နို့ရည်ကို သွန်းလောင်းခြင်းဖြင့် ကြီးပွားစေအပ်သော နံ့သာသလေးဆွမ်း၊

၄။ ဥဂ္ဂသူဌေး လှူဒါန်းသည့် တစ်နှစ်သားအရွယ် ဝက်ပျို့သားဟင်း ကန်စွန်းရွက်ဆီပြန်ကြော်စသည် ပါရှိသော မနာပသလေးဆွမ်း၊

၅။ သီဟစစ်သူကြီး ကပ်လှူသည့် အလိုအလျောက် ဖြစ်ပေါ်နေသော ပဝတ္တာမံသ အသားဟင်း၊

၆။ မစ္ဆရိယကောသိယသူဌေး လှူဒါန်းသော အိုးကင်းမုန့်၊

၇။ မေဏ္ဍကသူဌေးကြီး လှူဒါန်းသည့် နုပျို့လတ်ဆတ်သော နွားနို့ရည်၊

၈။ သာဝတ္ထိပြည် ဥယျာဉ်မှူး ကဏ္ဍလှူဒါန်းသော သရက်သီးမှည့် (၁)လုံး၊

၉။ ပလလဲတောမှ မျောက် လှူဒါန်းသော ပျားအုံပျားသလက်၊

၁၀။ ရွှေပန်းတိမ်သည်သား စုန္ဒသူဌေးလှူဒါန်းသည့် ရသာယန ဆေးဖြင့် စီမံထားသော ဝတ်ပျို့သားဟင်း- စသည်တို့ ဖြစ်ကြသည်။ ဤသည်တို့ကား-ဘုရားရှင် မွန်မြတ်သောအစာအာဟာရတို့ကို ရရှိပုံဖြစ်သည်။

ဝရဘောဇနဒါနေန၊ ဗုဒ္ဓေါ ပုရိမဇာတိယံ။
ပောတိ သတ္တာသဒေါစေဝ၊ ဝရဘောဇိစ တံ နမေ။

## ဘိက္ခာပရမ္ပရဇာတ်မှ အမြတ်ဆုံးပုဂ္ဂိုလ်

မွန်မြတ်သော အစာအာဟာရတို့ကို ခံယူထိုက်သည့် ပုဂ္ဂိုလ် အမျိုးမျိုးတွင်လည်း ဘုရားရှင်ပင် အမြတ်ဆုံး ပုဂ္ဂိုလ်ဖြစ်သည်၊ သာဝတ္ထိမြို့က သူကြွယ် တစ်ဦးသည် တရားရတနာကို ပူဇော်လိုသဖြင့် မွန်မြတ်သော ဘောဇဉ် ကို တရားဘဏ္ဍာစိုး အရှင်အာနန္ဒာအား လှူဒါန်းခဲ့ လေသည်၊ အရှင်အာနန္ဒာက မိမိမသုံးဆောင်ပဲ တရား စစ်သူကြီး အရှင်သာရိပုတြာအား လှူဒါန်းခဲ့ပြန်သည်၊ တဖန် အရှင်သာရိပုတြာကလည်း မိမိ မသုံးဆောင်ပဲ တရားပိုင်ရှင် မြတ်စွာ ဘုရားသခင်အား ဆက်လက်လှူ ဒါန်းခဲ့ပြန်သည်၊ *(ဇာ ၅၊ ၄၊ ၃၆၉)*

ဤဘိက္ခာပရမ္ပရဇာတ်လာ အဆင့်ဆင့် လှူဒါန်းခဲ့ ပုံကို သာဓကေ ပြု၍လည်း မြတ်စွာဘုရားရှင်သည် မွန်မြတ် သော အစာအာဟာရတို့ကို ခံယူထိုက်သည့် အမြတ်ဆုံး ပုဂ္ဂိုလ်ကြီး ဖြစ်ကြောင်း သိရပေသည်။

ဆန်(၃၂)ကီလို ဟင်းမျိုး (၃၂)ခွက်ဖြင့် ဆွမ်းကပ်ခြင်း

စာရေးသူတို့ ဘုရားဖူးအဖွဲ့သည် သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တော် သီရိဇယတိလကာရာမကျောင်း ဆွာရဏ

ကျိုက္ကတိုဿယ စေတီတော်အား မြန်မာနိုင်ငံ အလှူရှင်တို့၏ ကောင်းမှုဖြင့် ၁၃၇၀-ပြည့်နှစ်၊ ဝါခေါင်လပြည့် မေတ္တာ အခါတော်နေ့ (၁၆၊ ၈၊ ၂၀၀၈)တွင် ရွှေထီးတော်ကို တင် လှူပူဇော်ကြသည်၊ မြန်မာသံအမတ်ကြီး ဦးတင်ဦးလွင်၏ စီစဉ်ပေးချက်အရ (၁၅၊ ၈၊ ၂၀၀၈)နေ့တွင်မူ ကန္ဒီမြို့မှ လက်ဝဲအောက်ခါတ် စွယ်တော်မြတ်ကို ပထမဦးဆုံး အာရုံတော် ဆွမ်းကပ်ခွင့် ဖူးမျှော်ခွင့်ရရှိခဲ့ကြပါသည်၊ စွယ်တော်ဒါရိုက်တာ ဂါမဏိ၏ လိုက်ပါပို့ဆောင် ပြသမှု ကြောင့် စွယ်တော် ဆွမ်းချက် ဆောင်ကိုပါ ရောက်ရှိခဲ့ ကြ၏။

စွယ်တော်ဒါရိုက်တာက "စွယ်တော်မြတ်အား ဆန် (၃၂)ကီလို ချက်ထားသည့်ဆွမ်း၊ ဟင်းအမျိုး ခွက် ပေါင်း (၃၂)ခွက်တို့ဖြင့် နေ့စဉ်ဆွမ်းကပ်ကြောင်း"ကို ရှင်းပြသဖြင့် အံ့ဩဝမ်းသာ ကြည်နူးမိသည်၊ မိမိ၏မွေးနေ့ ရောက်လျှင် ထိုကဲ့သို့ပင် ဘုရားရှင်၏ ခါတ်တော် စွယ်တော်တို့အား ဆွမ်းတော် ကပ်လှူမည်ဟု ထိုစဉ်ကပင် ပုဗ္ဗစေတနာတွေ တဖွားဖွား ဖြစ်ပွားခဲ့ရသည်။

## ဓာတ်ကြီး(၄)ပါး ဆွမ်တော်ကပ်နည်း

စာရေးသူ၏ (၄၈)နှစ်ပြည့် မွေးနေ့သို့ ရောက်ရှိလာပါပြီ၊ သို့ဖြစ်၍ ဤအကြောင်းကို ရဟန်းဒါယိကာမတို့အား အသိပေးပြောကြားလိုက်ရာ စီစဉ်ပေးကြသည်၊ မြန်မာနိုင်ငံ၌ ဓာတ်ကြီး(၄)ပါးဆွမ်းကပ်နည်း၊ ဓာတ်ကြီး(၆)ပါး ဆွမ်းကပ်နည်းစသည်တို့ကို ကြားဘူးပါသည်၊ ပထဝီ, အာပေါ,တေဇော,ဝါယော-ဟူသော ရုပ်ဓာတ်ကြီး(၄)ပါး၊ အာကာသ ဓာတ်, ဝိညာဏဓာတ်တို့ကိုပါထည့်၍ ဓာတ်ကြီး(၆)ပါးကို ရည်ရွယ်၍ ကပ်လှူခြင်းဖြစ်သည်။

ဓာတ်ကြီးလေးပါး ဆွမ်းတော်ကပ်လှူရာ၌

၁။ ဆွမ်းပွဲ (၂၀)ပွဲ

၂။ သောက်တော်ရေ (၁၂)ခွက်

၃။ ဆီမီးဖယောင်းတိုင် (၄)တိုင်

၄။ ယပ် (၆)စင်းတို့ ရှိရပါမည်။

### ပထဝီ မြေဓာတ်(၂၀)

ဆွမ်းပွဲ(၂၀)ပြင်ဆင်ခြင်းမှာ ခက်မာခြင်း နူးညံ့ခြင်း သဘောကို ဆောင်သည့် ပထဝီမြေဓာတ် (၂၀)ရှိခြင်းကြောင့် ဆွမ်းပွဲ(၂၀) ဆက်ကပ်ရသည်။

ပထဝီမြေဓာတ်(၂၀)ဟူသည် ခန္ဓာကိုယ်တွင် တည်ရှိသည့် (၃၂)ကောဋ္ဌာသထဲမှ ရှေ့ပိုင်းလာ အဖို့အစု (၂၀)ဖြစ်သည်၊ ထို(၂၀) တို့ကား "ဆံလျှင်ဘာဝိ၊ ဥဏ္ဏောကထိ၊ ဝီသတိမြေဓာတ်လွန်" ဟူသော လင်္ကာနှင့်အညီ ဆံပင်, မွေးညှင်း, ခြေသည်းလက်သည်း, သွား, အရေ၊ အသား, အကြော, အရိုး, ရိုးတွင်းခြင်ဆီ, အညို့၊ နှလုံး, အသည်း, အမြှေး, အဖျင်း, အဆုတ်၊ အူမ, အူသိမ်, အစာသစ်, အစာဟောင်း, ဦးနှောက်-ဟူသော ခန္ဓာကိုယ် အစိတ်အပိုင်းတို့ ဖြစ်ကြ၏၊

## အာပေါ ရေဓာတ်(၁၂)ပါး

သောက်တော်ရေ (၁၂)ခွက် ပြင်ဆင်ရခြင်းမှာ ဖွဲ့စည်းမှု ယိုစီးမှုသဘောကိုဆောင်သည့် အာပေါ ရေဓာတ်(၁၂)ပါး ရှိခြင်းကြောင့် သောက်တော်ရေ (၁၂) ခွက် ဆက်ကပ်ရသည်။

အာပေါရေဓာတ်(၁၂)ပါးဟူသည် (၃၂)ကောဋ္ဌာသ ထဲမှ နောက်ပိုင်းလာ ခန္ဓာကိုယ် အဖို့အစု(၁၂)ပါး ဖြစ်သည်။ ထို(၁၂)ပါး တို့ကား "သည်းခြေအစ ကျင်ငယ်ကျ ဒွါဒရေဓာတ်လွန်"ဟူသော လင်္ကာနှင့်အညီ

သည်းခြေ, သလိပ်, ပြည်, သွေး, ချွေး, အဆီခဲ၊ မျက်ရည်, ဆီကြည်, တံတွေး, နှပ်, အစေး, ကျင်ငယ်-ဟူသော ခန္ဓာကိုယ် အစိတ်အပိုင်းတို့ ဖြစ်ကြ၏။

**တေဇော မီးဓာတ် (၄)ပါး**

ဆီမီးဖယောင်းတိုင် (၄)တိုင် ထွန်းညှိရခြင်းမှာ အလင်းရောင် ရရှိနိုင်သော မီးတောက်မီးလျှံ ဖြစ်ပေါ်စေသော ပူမှု အေးမှုသဘောကို ဆောင်သည့် တေဇောမီးဓာတ်(၄)ပါးရှိခြင်းကြောင့် ဆီမီးဖယောင်းတိုင် (၄)တိုင် ပူဇော်ရခြင်း ဖြစ်သည်။

တေဇောမီးဓာတ်(၄)ပါးဟူသည် "သန္တပ္ပန-ဒဟနနှင့် ဇီရဏပေ ပါစကေ၊ လေးထွေ တေဇောပြား"ဟူသော လင်္ကာနှင့် အညီ--

၁။ ပြင်းစွာ ပူလောင်သော သန္တပ္ပန တေဇော၊

၂။ ညီးညူရလောက်အောင် အလွန်ပူလောင်သော ဒဟန တေဇော၊

၃။ အရွယ်ယိုယွင်း အိုမင်းရင့်ရော်အောင် ပူလောင်သော ဇီရဏ တေဇော၊

၄။ စားသောက်အပ်သမျှ အစာအာဟာရတို့ကို ကြေကျက်စေတတ်သော ပါစက တေဇောတို့ ဖြစ်သည်။

## ဝါယော လေဓာတ်(၆)ပါး

ယပ်(၆)စင်း လှူရခြင်းမှာ ထောက်ကန်ခြင်း လှုပ်ရှားခြင်း သဘောကိုဆောင်သည့် ဝါယောလေဓာတ် (၆)ပါး ရှိခြင်းကြောင့် ယပ်(၆)စင်း လှူဒါန်းရခြင်း ဖြစ်သည်။

ဝါယောလေဓာတ်(၆)ပါးဟူသည် ခန္ဓာကိုယ်တွင်း၌ တည်ရှိ ကြသော လေဓာတ်(၆)ပါးတို့ပင် ဖြစ်သည်၊ ထိုလေဓာတ်သည် "ဥဒ္ဓံ-ဓောဂမ၊ ကုစ္ဆိဋ္ဌနှင့်၊ ကောဋ္ဌာသယ၊ အင်္ဂသာရီ၊ အဿာမည်၊ ခြောက်လီ လေဓာတ်လွှန်"ဟူသော လင်္ကာနှင့်အညီ

၁။ အထက်သို့ ဆန်တက်သော ဥဒ္ဓင်္ဂမ လေ။

၂။ အောက်သို့ စုန်(သက်)သော အဓောဂမ လေ။

၃။ ဝမ်းထဲ၌ တည်သော ကုစ္ဆိသယ လေ။

၄။ အူအတွင်း၌တည်သော ကောဋ္ဌာသယ လေ။

၅။ အင်္ဂါကြီးငယ်တို့သို့ အစဉ်လျှောက်သော အင်္ဂမင်္ဂါနုသာရီ လေ။

၆။ အဿာသ ပဿာသ=ဝင်လေ ထွက်လေတို့ဖြစ်ကြ၏။

ဤသို့အားဖြင့်ပထဝီမြေဓာတ် = (၂၀)ပါး

အာပေါ်ရေဓာတ် = (၁၂)ပါး

တေဇောမီးဓာတ် = (၄)ပါး

ဝါယောလေခတ်= (၆)ပါး အားဖြင့်

စုစုပေါင်း= (၄၂)ပါးသော ခတ်တို့ကို

မဇ္ဈိမနိကာယ် မူလပဏ္ဏာသမဟာဟတ္ထိပဒေါ ပမသုတ် ပါဠိတော်၌ ဟောတော်မူသည်။ ဝိသုဒ္ဓိမဂ်၌လည်း "ဒွါစတ္တာလီသာယ အာကာရေဟိ"စသည်ဖြင့် စတုခတု ဝဝတ္ထာနအခန်းတွင် လာရှိသည်၊ ခတ်ကြီး(၄)ပါးတို့၏ ဤအခြင်းအရာ(၄၂)ပါးတို့ကို ရည်ရွယ်ပြီး ခတ်ကြီး(၄)ပါး ဆွမ်းတော်ကပ်လှူရာ၌ ဆွမ်းပွဲ(၂၀)ပွဲ၊ သောက်တော် ရေ (၁၂)ခွက်၊ ဆီမီးဖယောင်းတိုင် (၄)တိုင်၊ ယပ်(၆)စင်း အားဖြင့် (၄၂)မျိုး ပြင်ဆင်ကပ်လှူခြင်း ဖြစ်သည်။

## လက္ခဏာတော်ကြီး (၃၂)ပါး ဆွမ်းတော်ကပ်နည်း

သီရိလင်္ကာနိုင်ငံမှ စွယ်တော်မြတ်အား ဆန် (၃၂) ကီလို ချက်ထားသည့် ဆွမ်း၊ ဟင်းခွက်ပေါင်း (၃၂)ခွက် တို့ဖြင့် နေ့စဉ် ဆွမ်းကပ်လှူရာ၌ ဆန် (၃၂)ကီလို ဟင်း (၃၂) မျိုးသည် ဘာကိုရည်ရွယ်ပါသနည်း၊ စွယ်တော် ဂေါပက အဖွဲ့က ဘာကို ရည်ရွယ်၍ ကပ်လှူသည်ကို မသိပါ၊ ဤမွေးနေ့ရှင်အနေဖြင့်မူ ဒွတ္တိံသာကာရ ကမ္မဋ္ဌာန်းမှ ခန္ဓာကိုယ် အစိတ်အပိုင်း (၃၂)ကောဋ္ဌာသနှင့် မဟာ ပုရိသလက္ခဏာတော်ကြီး (၃၂)ပါးကို ရည်ရွယ်၍ ကပ်လှူပါသည်၊ ဟင်း (၃၂)မျိုးကို ရဟန်းဒါယိကာမများ ဖြစ်ကြသည့် ဒေါ်ရီရီအေး၊ ဒေါ်လဲ့လဲ့ဝင်း၊ ဒေါ်ကြည်ကြည်ခင်၊ ဒေါ်လီလီမြင့်တို့က ချက်ကြပြီး သစ်သီးအချိုပွဲ (၃၂)မျိုးကိုမူ ဗုဒ္ဓဂယာသီရိလင်္ကာ ဘုရားဖူး အဖွဲ့ဝင် တို့က လှူဒါန်းကြသည်။

### ဗုဒ္ဓစွယ်တော် ဘုရားရှိခိုး

(၁) နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿစေဝ

(၂) ဝရဓာတုနဋ္ဌ

(၃) ဝရဒါဌာယစ။

(၁) လူနတ်ပြဟ္မာ သတ္တဝါတို့၏ ပူဇာဝိသေ ခံယူထိုက်ပေသော အရဟံဂုဏ်ရှင်၊ တရားဥဿုံ အလုံးစုံကို အကုန်သိမြင်သော သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင်၊ ဘုန်းတော် ခြောက်စုံတန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော ဘဂဝါဂုဏ်ရှင်ဖြစ်တော်မူငြား ထိုမြတ်စွာဘုရားရှင်အား လည်းကောင်း။

(၂) ထိုမြတ်စွာဘုရားရှင်၏ အဓိဋ္ဌာန်ချက်ဖြင့် ထားရစ်ခဲ့သော သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ် ဝိမုတ္တိဂုဏ် ဝိမုတ္တိဉာဏ ဒဿနဂုဏ်တို့ဖြင့် မွမ်းထုံအပ်သော၊ မကွဲမအက် မကျေမပျက်သော အသမ္ဘိန္န အမည်ရသော ဓာတ်တော်များ၊ အဆင်းသုံးမျိုး တန်ခိုးအနန္တ ပမာဏ သုံးသွယ် အရွယ်သုံးစား ရှိကြကုန်ငြား ဓာတ်တော်များအားလည်းကောင်း။

(၃) မိစ္ဆာဇီဝ သက်မွေးမှုမှ ရှောင်ခဲ့ရသည့် ကုသလကြောင့် ကောင်းစွာ မသွေ ရရှိပေသော သောက်ရှုးကြယ်၏ အရောင်ကိုပင် လွှမ်းမိုးလွန်ကျူး၍ လရောင်ကဲ့သို့ အထူးတင့်တယ် လွန်စွာစင်ကြယ် ဖြူဖွေးတောက်ပသော အရောင်တလက်လက် ပေါ်ထွက်သည့် လက်ဝဲအောက်ဓာတ် စွယ်တော်မြတ်အားလည်းကောင်း။

ဤသို့လျှင် ဂုဏ်အင်များစွာ ပြည့်စုံပါသည့် မြတ်စွာဘုရား + ဓာတ်တော်များ + စွယ်တော်တို့အား ယုံကြည်မြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ မြတ်စွာဘုရား မြတ်စွာဘုရား။

(၁) မိစ္ဆာဇီဝ ဝိရတိယာ၊ သမဒန္တော တထာဂတော။
ဟောတိ သုသုက္ကဒါဠော စ၊ ဝိသုဒ္ဓပရိသော နမေ။

ယော တထာဂတော၊ အကြင်မြတ်စွာဘုရားသည်။ ပုရေ၊ ဘဝများစွာ ရှေးရှေးအခါ၌။ မိစ္ဆာဇီဝ ဝိရတိယာ၊ ကိုယ်နှုတ်ဖေါက်ပြား ဒုစရိုက်များဖြင့် မှားမှားယွင်းယွင်း အသက်မွေးခြင်းတို့မှ ရှောင်တော်မူခဲ့ခြင်းကြောင့်။ သမဒန္တော စ၊ဝရဇိန်များ စီ၍ထားသို့ ထက်ဖျားစီရရီ ညီသောသွားတော်ရှိသည်၎င်း။ သုသုက္ကဒါဠော စ၊ သောကြာကြယ်ဝန်းထွန်းသည့်အသွင် အလွန်ဖြူစင်သော စွယ်တော်ရှိသည်၎င်း။ ဝိသုဒ္ဓပရိသော စ၊ စင်ကြယ်သပ်ယပ် လွန်စွာမြတ်သည့် ပရိသတ်အခြံအရံရှိသည်၎င်း။ ဟောတိ၊ အကြောင်းအလိုက် အကျိုးဆိုက်၍ သိုက်မြိုက်ထင်ပေါ် ဖြစ်ထွန်းတော်မူ၏။ တံ တထာဂတံ၊ သမဒန္တတာ သုသုက္ကဒါဠတာ လက္ခဏာတော် (၂)ပါးနှင့် ပြည့်စုံတော်

မူသော ထိုမြတ်စွာဘုရားကို။ အဟံ၊ ဘုရားတပည့်တော် (တပည့်တော်မ)သည်။ နမေ-နမာမိ၊ ယုံကြည်မြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ဘုရား ။

ကြီးငယ်တောင်းလျှင် ချိန်ခွင်တိုရှည် လိမ်လည် လုယက် ခိုးနှိပ်စက်၍ အသက်မွေးခြင်း ကင်းခဲ့သော ကြောင့်. . . မခေါ်မသိ စိန်ကိုစီသို့ ပြေညီသွားတော် စွယ်တော် လေးဆူ ဆွတ်ဆွတ်ဖြူသား ကိုယ်တော့်သွား၏ နှစ်ပါး ခြင်းရာ လက္ခဏာဖြင့်. . . ယုတ်မာကောက်ကျစ် ဆိုးညစ်သောသူ မပါမူ၍ ဖြောင့်ဖြူ သပ္ပါယ် လဒ္ဓကြယ်သို့ စင်ကြယ်သော အခြံအရံ ရှိတော်မူပါသော မြတ်စွာဘုရား . . မြတ်စွာဘုရား . . . ထိုမြတ်စွာဘုရား၏ စွယ်တော်အား ရိုသေမြတ်နိုး ရှိခိုးပါ၏ အရှင်ဘုရား။

## ဗုဒ္ဓမြတ်စွယ်တော်

## လက္ခဏာတော်ကြီး (၃၂)ပါး ဆွမ်းတော်ကပ်နည်း

ပဏီတံ ရသသမ္ပန္နံ၊ ဘောဇနံ ဂန္ဓသံယုတံ။
ဒဒါမိ တေန နိဗ္ဗာနံ၊ သီဃံ ပပ္ပေါမိ နာသဝံ။

## (က)ဘုရားရှင်၏ ဂုဏ်တော်အဖုံဖုံ ဆင်ခြင်ပုံ

မြေမိုးအလုံး စွေဖြိုးချုန်း၍ ပြိုင်နှိုးမရ မြင့်မြတ်လှသည့် ခြောက်ဝဘုန်းဟုန် တန်ခိုးဂုဏ်နှင့် ပြည့်စုံ ပေပြားရှင်တော်မြတ် ဘုရား။ရူပကာယဂုဏ်,ဓမ္မကာယဂုဏ်အားဖြင့် လည်းကောင်း+ အတ္တဟိတသမ္ပတ္တိဂုဏ်, ပရဟိတပဋိပတ္တိဂုဏ်အား ဖြင့်လည်းကောင်း+ ကရုဏာဂုဏ်,ပညာဂုဏ် အားဖြင့် လည်းကောင်း+ ဟေတုသမ္ပဒါဂုဏ်, ဖလသမ္ပဒါဂုဏ်, သတ္တုပကာရသမ္ပဒါဂုဏ် အားဖြင့်လည်းကောင်း+ စရိယဝဏ္ဏဂုဏ်,သရီရဝဏ္ဏဂုဏ်, ဂုဏဝဏ္ဏဂုဏ်အားဖြင့် လည်းကောင်း+ဇာတိမဟတ္တဂုဏ်, ပုညမဟတ္တဂုဏ်, ဂုဏမဟတ္တဂုဏ် အားဖြင့်လည်းကောင်း+ရူပါစိန္တေယျဂုဏ်, ဝါစာစိန္တေယျဂုဏ်, ဣဒ္ဓိအစိန္တေယျဂုဏ်,ဉာဏာစိန္တေယျဂုဏ် အားဖြင့်လည်းကောင်း+ ရူပဂုဏ်, ဃောသဂုဏ်, လူခဂုဏ်, ဓမ္မဂုဏ်အားဖြင့်လည်းကောင်း+ သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်,ဝိမုတ္တိဂုဏ်, ဝိမုတ္တိဉာဏ ဒဿနဂုဏ်အားဖြင့် လည်းကောင်း၊ အရဟာတာ အစလာသည့် ကိုးဖြာသော ဂုဏ်တော်အပေါင်းနှင့်လည်းကောင်း ပြည့်စုံတော်မူသောနတ်,လူ,ပြာဟ္မာ,သတ္တဝါတို့၏ ကိုးကွယ်အားထား

ရာလည်း ဖြစ်တော်မူသော၊ သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာ ဘုရားကို ရည်ရော်မှတ်သား နှလုံးထား၍ ထိုသဗ္ဗညုထွဋ်ထား မြတ်စွာ ဘုရား၏ ခန္ဓာကိုယ်တော်၌ တည်ရှိ ကြသည့်။

## (ခ)မဟာပုရိသ လက္ခဏာတော်ကြီး (၃၂)ပါး

၁။ မြေ၌နင်းသောအခါ ကောင်းစွာတည်ထိသော ညီညွတ်သည့် ဖဝါးတော်အပြင်ရှိခြင်း လက္ခဏာတော်တစ်ပါး၊

၂။ နှစ်ဖက်သော ခြေဖဝါးတော်အပြင်တို့၌ တစ်ထောင်သော အကန့်အကွက် ပုံတောင်းအချက်နှင့်တကွ ခပ်သိမ်းသောအချင်း အရာတို့နှင့် ပြည့်စုံသော တစ်ရာ့ ရှစ်ကွက် စက်လက္ခဏာ အမှတ်အသားပါရှိခြင်း လက္ခဏာတော်တစ်ပါး၊

၃။ ရှည်လျားသော ဖနောင့်တော်ရှိခြင်း လက္ခဏာတော် တစ်ပါး၊

၄။ ရှည်သွယ်သော ခြေချောင်းတော် လက်ချောင်းတော် ရှိခြင်း လက္ခဏာတော်တစ်ပါး၊

၅။ နူးညံ့သိမ်မွေ့လှစွာသော လက်ဖဝါးတော် ခြေဖဝါးတော် အပြင်ရှိခြင်း လက္ခဏာတော်တစ်ပါး၊

၆။ ရွှေပွတ်လုံး(ဇာလီ)တိုင်ကဲ့သို့ ညီညွတ်စွာ အချောင်း အချောင်း အကြား စိပ်သောလက်ချောင်းတော် ခြေချောင်း တော်ရှိခြင်း လက္ခဏာတော်တစ်ပါး၊

၇။ မြူမလိမ်းသွယ် စဉ်းငယ်မြင့်သော ခြေဖမျက် တော်ရှိခြင်း လက္ခဏာတော်တစ်ပါး၊

၈။ ဧဏီမည်သော သားကောင်၏ သလုံးမြင်းခေါင်းနှင့် တူသော ပြည့်ဖြိုးသော သလုံးမြင်းခေါင်းတော်ရှိခြင်း လက္ခဏာတော်တစ်ပါး၊

၉။ ရပ်တော်မူလျက်ပင် ကိုယ်တော်ကို မကိုင်းညွတ်ပဲ လက်ဖဝါး တော် နှစ်ဖက်ဖြင့် ပုဆစ်ဒူးဝန်းတော် နှစ်ဖက်ကို သုံးသပ် ထိတွေ့နိုင်ခြင်း လက္ခဏာတော်တစ်ပါး၊

၁၀။ ဆဒ္ဒန်ဆင်မင်းပမာ အအိမ်ဖြင့် ဖုံးလွှမ်းအပ်သော ယောကျ်ားနိမိတ် ရှိတော်မူခြင်း လက္ခဏာတော်တစ်ပါး၊

၁၁။ သိင်္ဂီနိက်ရွှေစင်အဆင်းကဲ့သို့ ဝါဝင်းသော အရေတော် ရှိခြင်း လက္ခဏာတော်တစ်ပါး၊

၁၂။ ချောမွေ့သော အသားအရေတော်ရှိခြင်း လက္ခဏာ တော် တစ်ပါး၊

၁၃။ မွေးညင်းတွင်း တစ်တွင်းလျှင် မွေးညင်းတော် တစ်ပင် စီ တစ်ပင်စီသာ ပေါက်ရောက်ခြင်း လက္ခဏာတော် တစ်ပါး၊

၁၄။ မျက်နှာတော်ကို မော်ဖူးသည့်ပမာ အထက်သို့သာ အဖျား ကော့သည့် မွေးညင်းတော်ရှိခြင်း လက္ခဏာတော် တစ်ပါး၊
၁၅။ ဗြဟ္မာမင်း၏ ကိုယ်ကဲ့သို့ ဖြောင့်မတ်သော ကိုယ်တော် ရှိခြင်း လက္ခဏာတော်တစ်ပါး၊
၁၆။ ခြေဖဝါးတော် နှစ်ဖက်၊ လက်ဖဝါးတော်နှစ်ဖက်၊ ပခုံးတော်နှစ်ဖက်၊ လည်ကုပ်တော်ဟု ဆိုအပ်သော- ဤခုနစ်ဌာနတို့၌ ပြည့်ဖြိုးသော အသားတော်ရှိခြင်း လက္ခဏာ တော်တစ်ပါး၊
၁၇။ ခြင်္သေ့မင်း၏ ရှေ့ပိုင်းကိုယ်ကဲ့သို့ အောင်မောင်း ပြည့်ဝသော ကိုယ်တော်ရှိခြင်း လက္ခဏာတော်တစ်ပါး၊
၁၈။ ရွှေပျဉ်ချပ်ပမာ ခါးတော်မှစ၍ အထက်လည်ကုပ် တော်တိုင် အောင် ရေစီးကြောင်း (အကြား)မထင် ပြည့်ဖြိုး စင်သော ကျောက်ကုန်း တော်ရှိခြင်း လက္ခဏာ တော်တစ်ပါး၊
၁၉။ အရပ်တော်နှင့် အလံတော် ညီမျှသဖြင့် ပညောင်ပင် အဝန်းကဲ့သို့ ဝန်းသော (လုံးချောသော) ကိုယ်တော်ရှိခြင်း လက္ခဏာတော်တစ်ပါး၊
၂၀။ ညီလည်းညီညွတ် လုံးလည်းလုံးသော လည်တိုင်တော် ရှိခြင်း လက္ခဏာတော်တစ်ပါး၊

၂၁။ တစ်ကိုယ်တော်လုံး ပျံ့နှံ့အောင် ဆောင်နိုင်သည့် ခုနှစ် ထောင်သော အရသာကြောတို့ အဖျားချင်းအပ် လည်မှာ စွပ်လျက် ရှိခြင်း လက္ခဏာတော်တစ်ပါး၊

၂၂။ ခြင်္သေ့မင်း၏ မေးကဲ့သို့ (ပြုံးတော်မည့်အရိပ် သွေးနေသည့်) မေးတော်ရှိခြင်း လက္ခဏာတော်တစ်ပါး၊

၂၃။ သွားတော်ချောင်းရေ (၄၀) အစေ့အငရှိတော်မူခြင်း လက္ခဏာ တော်တစ်ပါး၊

၂၄။ ညီညွတ်သော သွားတော်ရှိခြင်း လက္ခဏာတော် တစ်ပါး၊

၂၅။ သွားတော် မကျဲမကျွ စေ့စပ်စွာရှိခြင်း လက္ခဏာတော် တစ်ပါး၊

၂၆။ သောက်ရှူးကြယ်ပမာ လွန်စွာစင်ကြယ် ဖြူဝင်းသော အရောင်တလက်လက်ထွက်သည့် စွယ်တော်လေးဆူ ရှိခြင်း လက္ခဏာတော်တစ်ပါး၊

၂၇။ ရှည်လျားနူးညံ့ ပြန့်သော လျှာတော်ရှိခြင်း လက္ခဏာ တော်တစ်ပါး၊

၂၈။ ပြဟ္မာမင်းကရဝိက်ငှက်မင်းတို့၏ အသံကဲ့သို့ အင်္ဂါရှစ် ပါးနှင့်ပြည့် စုံသည့်အသံတော် ရှိခြင်း လက္ခဏာတော်တစ်ပါး၊

၂၉။ အလွန်ညိုကြည်သည့် မျက်လုံးတော်ရှိခြင်း လက္ခဏာ တော် တစ်ပါး၊

၃၀။ ဖွားသစ်စ နွားသူငယ်၏ မျက်မွေးကဲ့သို့ အလွန် နူးညံ့ နုပျိုသည့် မျက်မွေးတော်ရှိခြင်း လက္ခဏာတော်တစ်ပါး၊
၃၁။ မျက်မှောင်(မျက်ခုံး)တော်နှစ်ဖက် အလယ်ချက်၌ ဖြူစင်နူးညံ့သော လဲဝါဂွမ်းနှင့်တူသော ဥဏ္ဏာလုံမွေး ရှင်တော် ပေါက်ရောက်ခြင်း လက္ခဏာ တော်တစ်ပါး၊
၃၂။ နဖူးတော်ဝယ်ပကတိပင်ကိုယ်အားဖြင့်ပင် သင်းကျစ် ရွှေပြား တပ်စီ၍ထားသကဲ့သို့ သင်းကျစ်တော် အသားလွှာ ပါရှိခြင်း လက္ခဏာတော်တစ်ပါး၊

ဤသို့အားဖြင့် မဟာပုရိသ လက္ခဏာတော်ကြီး (၃၂)ပါးတို့ကို ရည်မှန်းသမှု အကြောင်းပြု၍လည်းကောင်း၊

## (ဂ) ခန္ဓာကိုယ် အစိတ်အပိုင်း (၃၂)ကောဋ္ဌာသ

(၁)ဆံပင်(၂)မွေးညှင်း(၃)ခြေသည်း, လက်သည်း (၄)သွား (၅)အရေ (၆) အသား (၇)အကြော (၈) အရိုး (၉)ရိုးတွင်းချဉ်ဆီ (၁၀) အညှို့ (၁၁) နှလုံး (၁၂) အသည်း (၁၃)အမြှေး (၁၄)အဖျဉ်း (၁၅) အဆုတ် (၁၆) အူမ (၁၇) အူသိမ် (၁၈) အစာသစ် (၁၉) အစာဟောင်း(၂၀) ဦးနှောက် (၂၁) သည်းခြေ (၂၂) သလိပ် (၂၃) ပြည် (၂၄) သွေး (၂၅) ချွေး (၂၆) အဆီခဲ (၂၇) မျက်ရည်(၂၈) ဆီကြည် (၂၉) တံတွေး (၃၀) နှပ် (၃၁) အစေး

(၃၂)ကျင်ငယ် အားဖြင့် သုံးဆယ့်နှစ်ပါး သမိုက်ထားသည့် ခန္ဓာကိုယ် အဖို့အစုများ ခွန်အားတိုးပွားစေရန် ရည်မှန်းသမှု အကြောင်းပြု၍လည်းကောင်း။ ခေတုစေတီ, ဓမ္မစေတီ,ဥဒ္ဒိဿစေတီ,ပရိဘောဂစေတီ, ပါဒစေတီ အားဖြင့် စေတီ(၅)ဆူတို့အား ကောင်းနိုးရာရာ အဖြာဖြာကို များစွာပေါင်းစပ် စီမံလတ်၍ မွန်မြတ်ထသော၊ ချိုမြိန်လှစွာ အရသာနှင့် ကောင်းစွာဖုံဖုံ ပြည့်စုံထသော၊ မွှေးကြိုင်သင်းပျံ့ ကောင်းသောရနံ့နှင့် လည်းယှဉ်ထသော၊ သုံးဘုံထွဋ်မှထား ဘုန်းဂုဏ်ကြွားသည့် ဘုရားနှင့် သာထိုက်တန်ရာဟု များစွာချိုချဉ် ဆွမ်းဘောဇဉ် ဖြစ်ကြသော-

## (ဃ)ကပ်လှူပူဇော်ခြင်း

အဆင်းအနံ့ အရသာနှင့်ပြည့်စုံသည့် (၃၂)မျိုးသော ဤဆွမ်းခဲဘွယ် ဘောဇဉ်တို့ကိုလည်းကောင်း၊ သစ်သီးမျိုးစုံကိုငှင်း စင်ကြယ် သန့်ရှင်း မြူနည်းကင်းသော ဤသောက်တော်ရေ သုံးတော်ရေတို့ကို လည်း ကောင်း၊ အနံ့အဆင်းကြိုင်ကြိုင် သင်းသော သန့်ရှင်းဝေလန်း ဤမြတ်သော ပန်းတို့ကို လည်းကောင်း၊ မိုက်မှောင်ပယ်ဖျောက် လင်းရောင် တောက်သည့် ဤလျှပ်စစ်ဆီမီး အလင်းတိုင်

တို့ကိုလည်း ကောင်း၊ နှံ့သာမွှေးကြိုင် ဤအမွှေးတိုင်တို့ကို လည်းကောင်း၊ ပုပ္ဖ, မုဋ္ဌ,အပရအားဖြင့် စေတနာသုံးတန် ထက်သန်လှစွာ ကပ်လှူ ပူဇော်ပါ၏ အရှင်ဘုရား။

## (င)ဝိပဿနာ ဘာဝနာ ပွါးများခြင်း

ဤသို့လျှင် ဘုရားရှင်အား ဆွမ်းခဲဘွယ်ဘောဇဉ် ချိုချဉ်အရသာ အဖြာဖြာနှင့် သောက်တော်ရေချမ်း ဆီမီးပန်းတို့ကို လှူဒါန်းရကြောင်း ဒါနကုသိုလ်ကံ စေတနာအပေါင်းတို့သည် ငါကေန် မဟုတ်ကြပေ၊ စေ့ဆော်ထက်သန်သော သဘာဝမွှ စေတနာ တို့မျှသာ ကေန်ဟုတ်ကြပါပေသည်တကား။

ထိုစေတနာတို့သည် အကြောင်းကင်းလျက် ဖြစ်ပေါ်လာကြသည် မဟုတ်ပေ၊ အဝိဇ္ဇာ,တဏှာ, ဥပါဒါန် စသော အကြောင်းတရား တို့ကြောင့် ဖြစ်ပေါ်လာကြပေ ကုန်သည်တကား။ ထိုစေတနာတို့သည် ယခုဖြစ် ယခုပျက် ၍ မမြဲလေသောကြောင့် အနိစ္စ သဘောတရားတို့ ချည်းပါ တကား၊ ဖြစ်ပျက်နှစ်ဝ နှိပ်စက်လှ၍ ဆင်းရဲသောကြောင့် ဒုက္ခသဘောတရားတို့ ချည်းပါတကား၊ အလိုသို့မလိုက် အကြိုက်သို့မပါ ကိုယ်ဖြစ်ချင်သလိုမဖြစ် သူဖြစ်ချင် သလိုသာ အကြောင်းအားလျော်စွာ ဖြစ်ပျက်ပြောင်း လဲ၍

နေသောကြောင့် အစိုးမရ အနတ္တသဘောတရား တို့ ချည်းပါတကား၊
ဤသို့အားဖြင့် ဝိပဿနာ ဘာဝနာကိုလည်း နှလုံးသွင်း ကာ ပွားများပါ၏ အရှင်ဘုရား။

## (စ)ဆူမွန်ကောင်း တောင်းခြင်း

ဤသို့လျှင် ဘုရားရှင်အား ဆွမ်းခဲဘွယ်ဘောဇဉ် ချိုချဉ်ရသာ အဖြာဖြာနှင့် သောက်တော်ရေချမ်း ဆီမီး ပန်းတို့ကို လှူဒါန်းရကြောင်း ဒါနကုသိုလ်ကံစေတနာ အပေါင်းကြောင့်လည်းကောင်း၊ ဝိပဿနာ ဘာဝနာကို နှလုံးသွင်းကာ ပွားများရခြင်း ဘာဝနာ ကုသိုလ်ကံ စေတနာ အပေါင်းကြောင့်လည်းကောင်း ဘုရားတပည့် တော်သည် ကိုယ်တွင်းကိုယ်ပ နှစ်ဌာနတို့၌ (၃၂)ပါးသော ကံကြမ္မာ စသည့် ဘေးရန်ခပ်သိမ်း ကင်းပျောက်ငြိမ်း၍ ကောင်းကျိုးသုခ ဣဋ္ဌမင်္ဂလာ အဖြာဖြာတို့သည် တနေ့ တခြား တိုးပွား ပြည့်စုံကြ ကုန်ပြီးလျှင် (ဤယခုဘဝ၌ပင်) ဆင်းရဲ အားလုံးတို့၏ ကုန်ဆုံးရာ နိဗ္ဗာန်ချမ်းသာကို လွယ်ကူချမ်းသာ လျင်မြန်စွာ မဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ် တို့ဖြင့် မျက်မှောက်ပြုရပါလို၏ အရှင်မြတ်ဘုရား။

## (ဆ)မေတ္တာပို့သခြင်းနှင့် မေတ္တာခံယူခြင်း

ကြွင်းမဲ့ဥဿုံ အားလုံးကုန်သော သတ္တဝါတို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ၊ ဆင်းရဲခပ်သိမ်းမှ ကင်းငြိမ်းလွတ်မြောက် ကြပါစေ၊ ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝကြပါစေ၊ အကျွန်ုပ်သည် မိဘဆရာသမား ပညာရှိ သူတော်ကောင်းများ တန်ခိုးကြဒ္ဓိပါဒ်နှင့် ပြည့်စုံ ကုန်သော ပုဂ္ဂိုလ်များ အရိယာသူတော်စင်များ ပို့လွှတ်အပ်သည့် မေတ္တာဓာတ်ကိုလည်း အားထားကြည်ဖြူ ခံယူပါ၏ အရှင်မြတ်ဘုရား။

## (ဇ)အမျှဝေခြင်းနှင့် အမျှယူခြင်း

ဤသို့လျှင် ယနေ့ယခု အကျွန်ုပ်ပြုရသော ကုသိုလ် ကောင်းမှု အစုစုတို့၏ အဖို့ဘာဂဟူသမျှကို သက်ရှိထင်ရှား ရှိကြကုန်သော မိဘဆရာသမားများ,အကျွန်ုပ်ကို စောင့်ရှောက်ခဲ့ဘူးသည့် ကျေးဇူးရှင် ပုဂ္ဂိုလ်များ၊ ယခုအခါ စည်းဝေးရောက်လာကြကုန်သော ပရိသတ်အပေါင်း သူတော်ကောင်းတို့အား အမျှထား၍ ကိုယ်စောင့်နတ်, အိမ်စောင့်နတ်,ကျောင်းစောင့်နတ်,နယ်စောင့်နတ်,လောကစောင့်နတ်, သာသနာစောင့်နတ်, ဘုရားစေတီစောင့်နတ်, သိကြား

နတ်မင်း, ပဇ္ဇုန်မိုးနတ်မင်း, ယမမင်း အစရှိကုန်သော အားလုံးကုန်သော သုခိတ, ဒုက္ခိတ သတ္တဝါများ၊ ဘဝ သံသရာ အဆက်ဆက်မှ ဆွေမျိုးတော်စပ် ဖူးကုန်သော ဆွေဟောင်းမျိုးဟောင်း ဝေမာနိက ပြိတ္တာ အပေါင်း တို့အား ကုသိုလ်အမျှ ပေးဝေငှပါ၏။ ကုသိုလ်အမျှ ပေးဝေငှပါ၏၊ သာဓု သာဓု-ဟူ၍ ခေါ်ဆိုကြလျက် ကုသိုလ်အမျှ ယူကြပါ ကုန်လော့၊ အကျွန်ုပ်သည်လည်း ကုသိုလ်ရှင် ကောင်းမှုရှင်တို့ ပြုလုပ်အားထုတ်၍ ပေးဝေအပ်သော ကုသိုလ်ကောင်းမှု အဖို့ဘာဂကိုလည်း ဝမ်းမြောက် နူမော် သာဓုခေါ်ပါ၏၊ ကုသိုလ်အမျှ အမျှ-အမျှ ယူတော်မူကြပါ ကုန်လော။ ။

သာဓု သာဓု သာဓု။

ဤသည်တို့ကား ဗုဒ္ဓမြတ်စွယ်တော်အား လက္ခဏာတော်ကြီး (၃၂)ပါး ဆွမ်းတော်ကပ်နည်းဖြစ်၏။

# နေမင်း သုံးကြိမ် ဦးတိုက်ရသော သမန္တကူဋ (သုမနကူဋ) ခြေတော်ရာတောင်

မွေးနေ့ဖြစ်သည့် (၁၊၁၁၊၂၀၀၈)နေ့တွင် ဗုဒ္ဓမြတ်စွယ်တော် ဓာတ်တော်တို့အား အလှူရှင်တို့ ဆွမ်းတော်ကပ်လှူရာ၌ ရွတ်ဆိုကြရန် "လက္ခဏာ တော်ကြီး (၃၂)ပါး ဆွမ်းတော်ကပ်နည်း"ကို ရေးသား စီစဉ်ပေးခဲ့ရသည်၊ ထိုဆွမ်းတော်ကပ်နည်းကို "ဗုဒ္ဓမြတ်စွယ်တော် ကိုးကွယ်ပူဇော်နည်း" စာအုပ်တွင် လေ့လာပူဇော်နိုင်ပါသည်၊ ယခုတဖန် "(၁၀၈)ခွက် စက်လက္ခဏာ ဆွမ်းတော်ကပ်နည်း"ဖြင့် ဘုရားရှင်အား ပူဇော်ဖြစ်ပုံကို တင်ပြပါမည်။

စာရေးသူတို့ ဘုရားဖူးအဖွဲ့သည် ကျောင်းဘုန်းကြီး ဦးအာစိဏ္ဏနှင့် မြန်မာသံအမတ်ကြီး ဦးအုန်းသွင်တို့၏ ပင့်ဖိတ်ချက်အရ သီရိလင်္ကာနိုင်ငံ ကန္ဒီမြို့ မြန်မာစွယ်တော်ကျောင်းရေစက်ချပွဲသို့ (၁၇၊ ၂၊ ၂၀၁၁)နေ့တွင် တက်ရောက်ခွင့်ရကြ၏၊ ထိုမှတဖန် ပေပေါင်း (၇၆၃၀) မြင့်မားသည့် စေတိယပါဒ တောင်ပေါ်သို့ (၂၀၊ ၂၊ ၂၀၁၁) နေ့တွင် တက်ရောက်လျက် ဗုဒ္ဓခြေတော်ရာကို ဖူးမြော်ကြ၏၊ ထိုစေတိယပါဒတောင်ပေါ်မှ ဗုဒ္ဓခြေတော်ရာ၏ အကြောင်းအရာ အတ္ထုပ္ပတ္တိမှာ ဤသို့ပါတည်း။

မြတ်စွာဘုရားရှင် သီရိလင်္ကာနိုင်ငံသို့ တတိယ အကြိမ်ကြွစဉ် သုမနနတ်မင်း၏ တောင်းပန်ချက်အရ ဝဲဘက် ခြေတော်ရာ ချတော်မူခဲ့ရာတောင်မှာ သမန္တကူဋ တောင်ဖြစ်သည်။ တောင်ခြေ၌ ဘုရားရှင်နေ့သန့်ခဲ့ရာ "ဒိဝါဂုဟာ" လိုဏ်ဂူတော် စေတီလည်း ရှိ၏၊ ကိုလံဘိုမှ (၁၃၆)မိုင်ဝေးသည်၊ ထိုတောင်သည် ပေပေါင်း (၇၆၃၀) မြင့်၏၊ စေတိယ ပါဒတောင်ကို နေမင်း ဦးသုံးကြိမ် ဦးတိုက်သည်ဟု ဆိုကြ၏၊

နေလုံးကြီး ထွက်ပြူမလာမီ အရှေ့လောကဓာတ်၌ ညို နီ ခရမ်း သက်တန့်ရောင်များ ယှက်သန်းလာပြီးလျှင် လျှပ်စစ်ရောင် ကြားမှ ရုတ်တရက် ထွက်လာသော နေမင်းကို ဘဲဥသဏ္ဌာန်မျှသာ မြင်ရပြီး (၁၅)မိနစ်ခန့် ပျောက်ချည် ပေါ်ချည်ဖြစ်နေ၏၊ ချာချာလည် နေသည်ဟုလည်း ထင်ရသည်၊ ထိုနည်းဖြင့် ငုတ်ချည်ပေါ်ချည်လုပ်ပြီးမှ ထင်ထင်ရှားရှား ထွက်ပေါ်လာသည်ကို မြင်ကြရသဖြင့် ဦးသုံးကြိမ် ချာချာလည် ရှိခိုးပြီးမှ ထွက်လာသည်ဟု ဆိုကြသည်။

ထိုစေတိယပါဒ (ဆီရိပါဒ)တောင်သို့ ရောက်သူတိုင်း အံ့သြရ သည်မှာ ရှိသေး၏၊ စေတိယပါဒတောင်ကြီး၏ အနောက်ဘက်တွင် တောင်ခြေမှစ၍ ထိုးထွက်နေ

သော မှောင်ရိပ်ကြီးမှာ မိုင်(၆၀) (၇၀)ခန့် ရှိသည်မှာလည်း အံ့တပါး ဖြစ်နေတော့သည်၊ အချိန်မရွေး ထိုအရိပ် ကြီးမှာ ထိုအတိုင်းဖြစ်နေ၏။

ပို၍အံ့ဩစရာကောင်းသည်ကား ဗုဒ္ဓဘာသာဝင်တို့သာမက အခြား ခရစ်ယန် ဟိန္ဒူ မွတ်ဆလင် ဘာသာဝင်များလည်း အုပ်စုနှင့် ချီ၍ တက်ရောက်ကြသည်၊ ထိုဘာသာခြားများကလည်း အာဒမ်၏ ခြေရာ ရာမဘုရား၏ခြေရာ၊ အလာဟု၏ ခြေရာဟု အသီးသီး ယုံကြည်ထားကြသောကြောင့် ဖြစ်လေသည်၊ ခရစ်ယန် ဘာသာဝင်များ ကမူ နှစ်စဉ် ဘုရားဖူးတက်ရာ အာဒမ် စပိခ် ထာဝရခြေရာဟုဆိုကာ ထာဝရဘုံနှင့် မိုင်(၄၀)သာ ဝေးတော့သည်ဟု ယုံကြည်နေကြ ပြန်လေသည်။

ခြေတော်ရာချသည့်တောင်ကို သမန္တကူဋတောင် သုမန ကူဋတောင် စေတိယပါဒတောင်ဟူ၍ အမျိုးမျိုး ခေါ်ကြ၏၊ မိုးတွင်း ကာလတွင် မတက်ရပါ၊ ဒီဇင်ဘာလမှ တက်ခွင့်ပြုပါသည်၊ ဤတောင် ပေါ်တွင် ဘုရားခြေတော် ရာအစစ်ရှိ၍ စာရေးသူတို့ (၂၀၀၇)ခုနှစ် ဒီဇင်ဘာလတွင် ပထမအကြိမ် တက်ရောက် ဖူးမြော်ခဲ့ကြ၏၊ တောင်မှာ မတ်စောက် ရုံမျှမက ပေပေါင်း (၇၆၃၀)ထိ မြင့်ရကား

အလွန်ပင်ပန်း လှ၏၊ သို့သော် တောင်ပေါ်ရောက်သွားသော အခါ၌မူကား ပင်ပန်း မှုတွေ ပျောက်ပြီး ဝမ်းသာမှုပီတိတွေ ရောက်ရှိလာပါ၏။

ယခု ဒုတိယအကြိမ်မြောက် တက်ရောက်ဖူးမြော်သော ထို(၂၀၊ ၂၊ ၂၀၁၁)နေ့ကား တနင်္ဂနွေနေ့ဖြစ်သည်၊ သို့ဖြစ်၍ စေတိယ ပါဒတောင် ဩဝါဒါစရိယ ဆရာတော်ဦးဆောင်၍ အလှူရှင်တို့က ဗုဒ္ဓခြေတော်ရာအား ဆွမ်းကပ် နေပုံနှင့် ကြုံကြိုက် ဆုံစည်းလိုက်ရသည်၊ စွယ်တော်ဂေါပကအဖွဲ့က ကန္ဒီမြို့မှ ဗုဒ္ဓစွယ်တော်အား ဆွမ်းတော်ကပ်ပုံမှာ အလွန်ကြီးကြယ် ခမ်းနားသလို ဗုဒ္ဓခြေတော်ရာ ဂေါပကအဖွဲ့က စေတိယပါဒတောင် ဗုဒ္ဓခြေတော်ရာအား ဆွမ်းတော် ကပ်ပုံမှာလည်း ငေးမောကြည့်ရှုရလောက်အောင် စနစ်ကျလှပေသည်။ ထိုဗုဒ္ဓခြေတော်ရာ ဆွမ်းတော်ကပ်ပွဲကို ဖူးမြော်လိုက်ရသောအခါတွင်မူ မိမိတို့ မြန်မာနိုင်ငံသို့ ပြန်ရောက်လျှင် ဗုဒ္ဓခြေတော်ရာကို ယင်းသို့ပင် ဆွမ်းတော်ကပ်လှူချင်စိတ် သဒ္ဓါတရားများ တဖွားဖွား ဖြစ်ပွား ခဲ့ရသည်။

## အဖေ့ခြေရာ–စာအုပ် ဗုဒ္ဓစာပေ ပထမဆုရခြင်း

သီရိလင်္ကာနိုင်ငံမှ ဗုဒ္ဓခြေတော်ရာအစစ် ကိန်းဝပ်တည်ရှိရာ စေတိယပါဒတောင်ပေါ်သို့ တက်ရောက်ဖူးမြော်အပြီး မြန်မာနိုင်ငံသို့ ပြန်ရောက်လာသော အခါတွင်ကား "အဖေ့ခြေရာ" စာအုပ် "ဗုဒ္ဓစာပေဆု ပထမဆုရ"ကြောင်း မင်္ဂလာသတင်းကို ကြားသိ လိုက်ရသည်၊ ဂျပန်နိုင်ငံ သာသနာပြုဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝေပုလ္လ မဟာထေရ်၏ ဒသမအကြိမ်မြောက် ဗုဒ္ဓစာပေဆုတွင် ပထမဆုအနေဖြင့် ရရှိခြင်းဖြစ်သည်။

ဗုဒ္ဓစာပေဆုနှင့် စာအောင်ဆုပေးပွဲကို (၆၊ ၃၊ ၂၀၁၁) တနင်္ဂနွေ နေ့တွင် မဟာသာသနဝေပုလ္လ ကျောင်းတိုက်၌ ကျင်းပသည်၊ ဗုဒ္ဓစာပေဆု ပထမဆုရသည့် ဂုဏ်ထူးဆောင်လက်မှတ်ကို အတွင်းရေးမှူး ဒေါက်တာ မျိုးမြင့်က ဆက်ကပ်ပါသည်။ ဗုဒ္ဓစာပေ ပထမဆုရသည့် အထိမ်းအမှတ်အဖြစ် ထိုနေ့ ညနေပိုင်း၌ပင် လှူရတနာ ကျောင်းမှ "အနန္တဇိနဗုဒ္ဓ ခြေတော်ရာကြီး"အား ဗုဒ္ဓဂယာ ပုညသဟာယ အဖွဲ့က ပူဇော်ကြ၏၊ ထိုဗုဒ္ဓခြေတော်ရာ ပူဇော်ပွဲမှပင် ဤ "(၁၀၈)ကွက် စက်လက္ခဏာ ဆွမ်းတော် ကပ်နည်း"သည် ဖြစ်ပေါ် လာပါ၏။

ယင်းဗုဒ္ဓခြေတော်ရာပူဇော်ပွဲ၌ပင် အဖေ့ခြေရာ စာအုပ် ဗုဒ္ဓစာပေ ပထမဆုရသည့် အထိမ်းအမှတ် အဖြစ် စာရေးသူက (၁၈၊ ၃၊ ၂၀၁၁)သောကြာနေ့တွင် ပါဠိတက္ကသိုလ် ညောင်တုန်း ကျောင်းတိုက် သံဃာအပါး (၂၂၀)နှင့် ညှော်ပရိသတ်တို့အား ဆွမ်းကပ်မည်၊ ထိုနေ့၌ပင် အလှူရှင်တို့က အနန္တဇိန ဗုဒ္ဓခြေတော်ရာ ကြီးအား

၁။ ဆန် နို့ဆီဗူး (၁၀၈)လုံးချက် ဆွမ်း

၂။ ဟင်း (၁၀၈)ခွက်

၃။ သစ်သီး (၁၀၈)ခွက်

၄။ သောက်တော်ရေ (၁၀၈)

၅။ ပန်းမျိုးစုံ (၁၀၈)ခွက်

၆။ ဆီမီးအလင်း (၁၀၈)ခွက်တို့ဖြင့် ကပ်လှူကြရန် ဆုံးဖြတ်လိုက်ကြ၏၊ ဆွမ်းဟင်း(၁၀၈)ခွက် အလှူရှင် တို့မှာ-

၁။ ဦးကျံကင်ရော့-၅ ခွက်

၂။ ဒေါ်မြင့်မြင့်သိန်း - ၅ ခွက်

၃။ ဒေါ်မြင့်မြင့်သွင်-၅ ခွက်

၄။ ဒေါ်နန်းအေးအေးမြင့်- ၅ ခွက်

၅။ ဒေါ်သန်းရီ-၅ ခွက်

၆။ ဒေါ်ဒေလီဝင်း-၅ ခွက်
၇။ ဒေါ်ခင်ကြွေ-၅ ခွက်
၈။ ဒေါက်တာ မာမာအောင်-၃ ခွက်
၉။ ဒေါ်ယဉ်ယဉ်ဝင်း-၃ ခွက်
၁၀။ ဒေါ်ရီရီအေး- ၅ ခွက်
၁၁။ ဒေါ်ကြည်ကြည်သန်း-၅ ခွက်
၁၂။ ဒေါ်မေသန့်စင်-၅ ခွက်
၁၃။ ဒေါ်ကြည်ကြည်ခင်-၆ ခွက်
၁၄။ ဒေါ်လီလီမြင့်-၅ ခွက်
၁၅။ နိုင်မိသားစု-၅ ခွက်
၁၆။ ဒေါက်တာ ခင်အေးအေးစိုး-၂ ခွက်
၁၇။ မသိဂ်ီ-၅ ခွက်
၁၈။ ဒေါ်မိမိလေး+ဒေါ်သန်းစောဦး-၁၀ ခွက်
၁၉။ ဒေါ်သန်းသန်းမြင့်-၁၀ ခွက်
၂၀။ ဒေါ်ယဉ်ကြည်-၃ ခွက်
၂၁။ မနှင်း-၆ ခွက်တို့ ဖြစ်ကြ၏။

အနန္တဇိနဗုဒ္ဓခြေတော်ရာအား (၁၈၊ ၃၊ ၂၀၁၁) နေ့တွင် ဆွမ်း,ပန်း ရေချမ်း ဆီမီး ကပ်လှူရာ၌ အလှူရှင်များ ညီညီညာညာ ရွတ်ဆိုလျက် ကပ်လှူပူဇော်နိုင်ရန်

ဤ"(၁၀၈)ကွက် စက်လက္ခဏာ ဆွမ်းတော် ကပ်နည်း" စာအုပ်လေးကို စီစဉ်ပေးရသည်။

## (၁၀၈)ကွက် စက်လက္ခဏာ ဆွမ်းတော်ကပ်ပွဲသို့ တက်ရောက်သူများ

(၁၈၊ ၃၊ ၂၀၁၁)နေ့တွင် ကျင်းပသည့် အနန္တဇိန ဗုဒ္ဓ ခြေတော်ရာအား (၁၀၈)ကွက် စက်လက္ခဏာ ဆွမ်းတော်ကပ်ပွဲ အခမ်း အနားသို့ နိုင်ငံတော်သြဝါဒါ စရိယ အဘိဓဇ မဟာရဋ္ဌဂုရု ပါဠိပါဠိတက္ကသိုလ် ညောင်တုန်း ကျောင်းတိုက် ပဓာနနာယက သက်တော်ရှည် ဆရာတော် ကြီး ဘဒ္ဒန္တသောဘဏ အမှူးပြုသော သံဃာတော်များ၊ ဗုဒ္ဓဂယာ ပုညသဟာယ အဖွဲ့ဥက္ကဋ္ဌ ဦးကြည်ဝင်း အမှူးရှိသော အဖွဲ့ဝင်များ၊ သာသနာရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးထွန်းနိုင် -စသော သာသနာရေး ဌာနအရာရှိများ၊ ခြေတော်ရာ ပညာရှင် ဦးအောင်မြင့် -အမှူးရှိသော အောင်မြင့်ဟိန်း စခန်းသွင်း ဘော်ဒါသင်တန်းမှ ကျောင်းသား ကျောင်းသူများ၊ အဖေ့ ခြေရာစာအုပ် ဓမ္မဒါနအလှူရှင် ဦးလှသောင်း+ ဒေါ်လဲ့လဲ့ဝင်း (၉၉၉) မိသားစုနှင့် ဆွမ်း,ပန်း,ရေချမ်း အလှူရှင် ဒကာ+ဒကာမများ တက်ရောက်ကြသည်၊

## နဝင်းခတ်မိသော ဆွမ်းတော်ကပ်လှူပွဲ

ဘုရားရှင်၏ မရေတွက်နိုင်အောင် များပြားလှသော ဂုဏ်တော်တို့တွင် အဓိကပဓာနအားဖြင့် ရေတွက်လျှင် အရဟံ-စသည်ဖြင့် (၉)ပါးရှိခြင်း၊ ခြေဖဝါးပြင်တွင် ပေါ်ထင်နေသော (၁၀၈)ကွက် စက်လက္ခဏာတို့မှာလည်း (၉)ဂဏန်း ရခြင်း၊ အနန္တဇိနဗုဒ္ဓခြေတော်ရာ တည်ရှိရာ လှရတနာကျောင်းမှာလည်း ဂြိုဟ်သက်အရ (၉)ဂဏန်း ရခြင်း၊ ဆွမ်းတော်ပွဲ ကပ်လှူသည့် ဆန် နို့ဆီဗူး (၁၀၈)လုံးချက် ဆွမ်း၊ ဟင်းခွက် (၁၀၈)ခွက် စသော လှူဖွယ်ဝတ္ထုများမှာလည်း (၁၀၈×၆)အားဖြင့် (၉)ဂဏန်း ဖြစ်နေခြင်း၊ ကပ်လှူသည့် နေ့ရက် မှာလည်း (၁၈)ရက် ဖြစ်နေ၍ (၉)ဂဏန်း ရရှိခြင်း၊ ဤအကြောင်း တို့ကြောင့် ဤ(၁၀၈)ကွက် စက်လက္ခဏာ ဆွမ်းတော်ကပ်ပွဲသည် "နဝင်းခတ်မိသော ဆွမ်းတော်ကပ်ပွဲ" ဖြစ်သည်၊

## (၁၀၈)ခွက် ကပ်လှူကောင်းပါရဲ့လား

ဘုရားပွဲ-စသည့် အလှူပွဲတို့၌ ကန်တော့ပွဲတင် ရာတွင် ငှက်ပျောပွဲ အုန်းပွဲတို့ကို (၁၀၈)ပွဲအထိ တင်လေ့ရှိကြ၏၊ (၁၀၈)ခွက်တို့ဖြင့် ဆွမ်းတော်တင်သည်ကိုမူ မကြားဖူးရကား (၁၀၈)ခွက်ဖြင့် ဆွမ်းတော်ကပ်လှူကောင်းပါ

သလား?၊ လောကီဂိုဏ်းဆရာတို့ (၁၀၈)ပွဲ ထိုးသလို ဖြစ်မနေဘူးလား? ဟူ၍ တချို့က သံသယဝင်ကြ၏။

လောကီဂိုဏ်းဆရာတို့ ငှက်ပျောပွဲ အုန်းပွဲ(၁၀၈)ပွဲ တင်သည် မှာ ဘာကို ရည်ရွယ်၍ တင်လှူသည်ကို မသိပါ။ (၁၀၈)ခွက်တို့ဖြင့် ဆွမ်းတော်တင် ကပ်လှူသည်မှာမူ ဘုရားရှင်၏ ခြေဖဝါးပြင်တွင် ပေါ်လွင်ထင်ရှားစွာ ပါရှိသည့် မင်္ဂလာအမှတ်အသား(၁၀၈)ကွက် စက်လက္ခဏာတော်တို့ကို ရည်ရွယ်၍ ကပ်လှူပူဇော်ခြင်း ဖြစ်ပါသည်။

ယင်းသို့ (၁၀၈)ကွက် စက်လက္ခဏာ မင်္ဂလာ အမှတ်အသားတို့ကို ရည်မှန်းသမှု အကြောင်းပြု၍ (၁၀၈) ခွက်တို့ဖြင့် ဆွမ်းကပ်လှူ ပူဇော်ထိုက်ကြောင်းကို ဖော်ပြပါ ပေတဝတ္ထု ပါဠိတော်လာ ပိဏ္ဍမိတလိကာဝတ္ထု ဂါထာကို သာဓကပြု၍ သိရ၏။

ယံ ကိဉ္စာရမ္မဏံ ကတွာ၊ ဒဇ္ဇာ ဒါနံ အမစ္ဆရီ။

ပုဗ္ဗပေတေစ အာရဗ္ဘ၊ အထဝါ ဝတ္ထုဒေဝတာ။

အို ကျောင်းဒါယကာ အနာထပိဏ် သူဌေးကြီး - - မင်္ဂလာစသည် စိတ်မှန်းရည်၍ ကြံစည်ပြုရ တစုံတခု သော ကိစ္စကို ရည်ရွယ်ရှေ့ရှု အာရုံပြု၍ရင်း၊ ရှေးရှေးအခါ သေလွန်ရှာကြ မိဘဆွေမျိုး ဘိုးဘွားများကို ဆင်းရဲ

ကင်းကွာ ချမ်းသာစေမှု စိတ်မှန်းပြု၍ဇင်း၊ ထိုမှတဖြာ အိမ်ရာခြံမြေ အထွေထွေ၌ တည်နေစောင့်ကြပ် နတ်ကောင်း နတ်မြတ်တို့ကို ချမ်းသာစေမှု အာရုံပြု၍ဇင်း၊ ဝေဿဝဏ်နတ်မင်း ဓတရဋ္ဌနတ်မင်း ဝိရူပက္ခနတ်မင်း ဝိရုဋ္ဌကနတ်မင်းဟုဆိုအပ်သော လောကစောင့်ကြပ် နတ်မင်းကြီးလေးပါးတို့ကို ရည်မှန်းရှေးရှု အာရုံ ပြု၍ဇင်း၊ နှမြောမှုကင်း ပေးလှူခြင်း၌ သန့်ရှင်းထက်သန်သော စိတ်ရှိ သည်ဖြစ်၍ လှူဖွယ်ဝတ္ထု အစုစုကို ပူဇော်မြတ်နိုး ကောင်းကျိုးမြော်မြင် သိဉာဏ်ယှဉ်၍ ကြည်လင်သဒ္ဓါ လှူဒါန်းလေရာ၏။

ယံ ကိဉ္စာရမ္မဏံ ကတွာတိ မင်္ဂလာဒီသု အညတရံ ယံ ကိဉ္စိ အာရဗ္ဘ ဉဒ္ဒိဿ။ *(ပေတဝတ္ထု အဋ္ဌကထာ၊ ၁၆)*

## နရသီဟာပတေ့မင်းနှင့် ဟင်းခွက် (၃၀၀)

မြတ်စွာဘုရားရှင်အား (၁၀၈)ခွက်သော ဆွမ်း, ဆွမ်းဟင်း, သစ်သီး, ပန်း, ရေချမ်း, ဆီမီးတို့ဖြင့် ကပ်လှူပူဇော်ရာ၌ ဟင်းခွက် (၁၀၈)ခွက်တို့မှာ များလွန်း မနေဘူးလား?-ဟူ၍လည်း သံသယ ဝင်တတ်ကြသေး၏၊ သံသယဝင်စရာ မလိုပါ၊ လူမင်း နတ်မင်း ဗြဟ္မာမင်း အားဖြင့် တစ်လောကလုံးထက် အမြတ်ဆုံးဖြစ်သော

တရားမင်း မြတ်စွာဘုရားရှင်အား ကပ်လှူပူဇော်သည် ဖြစ်၍ (၁၀၈)ခွက် တို့မှာ မများလွန်းလှပါ။ မြတ်စွာဘုရား ရှင်၏ ခြေဖဝါးတွင် ပေါ်လွင်ထင်ရှားနေသော မင်္ဂလာ အမှတ်အသားတို့မှာ (၁၀၈)မျိုး ဖြစ်နေ၍သာ (၁၀၈)ခွက် ကပ်လှူရခြင်းဖြစ်ပေသည်။

ပုဂံခေတ် သက္ကရာဇ် (၆၁၇)ခုနှစ်တွင် နန်းတက် သောမင်းမှာ နရသီဟပတေ့မင်း ဖြစ်၏၊ ထိုမင်းကား ပွဲတော်တည် စားတော် ခေါ်လျှင် ဟင်းခွက်ပေါင်း (၃၀၀)ပါရှိရလေသည်၊ သက္ကရာဇ်(၆၄၆)ခုနှစ် တွင်မူ စစ်ရှုံးသဖြင့် ပုသိမ်မြို့သို့ တိမ်းရှောင် နေရ၏၊ စစ်ပြေးရင်း ပွဲတော်တည်ရာ၌ ဟင်းခွက်တို့မှာ (၃၀၀) မပြည့်တော့ချေ၊ (၁၅၀) ခွက်သာ ဆက်သကြ၏၊ ထိုအခါ နရသီဟပတေ့ မင်းသည် စားနေကြ ဟင်းခွက် (၃၀၀)မပြည့်သဖြင့် ငိုတော်မူ၏-ဟူ၍ ပုဂံရာဇဝင်တွင် သမိုင်းပညာရှင်တို့က စာတင်ခဲ့ကြလေသည်။

ထိုအခါ စားတော်သည်တို့သည် စမဲ စဆား အခွက် (၃၀၀) မရနိုင်ဟူ၍ အခွက်(၁၅၀)သာ ရံပြီးလျှင် စားတော်ပြင်ဆင် ဆက်သည်ကို ငါ-ဆင်းရဲလှ၏-ဟု မျက်နှာတော်ကို ဖျင်လက်ဖုံး၍ ငိုတော်မူ၏။

(မှန်နန်းရာဇဝင်တော်ကြီး၊ ပဋ္ဌမတွဲ၊ စာမျက်နှာ-၃၅၅)

ရှိုးရှိုးမင်းဖြစ်သည့် နရသီဟပတေ့မင်းသော်မှ ဟင်းခွက်ပေါင်း (၃၀၀)ဖြင့် ပွဲတော်တည် စားတော်ခေါ်သေး လျှင် တရားမင်းဖြစ်သည့် မြတ်စွာဘုရားရှင်အားမူ ဟင်းခွက်ပေါင်း (၁၀၀၀)ဖြင့်ပင် ကပ်လှူ ပူဇော်ထိုက်ပါပေ၏၊ မှန်ပါသည်၊ မြတ်စွာဘုရားရှင်၏ ခြေဖဝါးပြင်တွင် ဘုရားရှင် စစ်မှန်ကြောင်း သက်သေခံနေသည့် စက်ဝန်း၌ မင်္ဂလာ အကန့်ပေါင်း (၁၀၀၀)ပါရှိနေသောကြောင့် ထိုမင်္ဂလာအကန့်ပေါင်း (၁၀၀၀)ကို ရည်မှန်း၍ ဟင်းခွက်ပေါင်း (၁၀၀၀)ဖြင့်လည်း ကပ်လှူပူဇော်ထိုက်သည်သာဖြစ်၏။

သဟဿာရာနိ စက္ကာနိ၊ ဒိဿန္တိ စရဏုတ္တမေ။
လက္ခဏာနိဿ ဒိဿွာန၊ နိဋ္ဌံ ဂစ္ဆ တထာဂတေ။

(အပ၊ ၁၊ ၂၂)

အကန့်(၁၀၀၀)သော စက်လက္ခဏာတော်တို့သည် မြတ်သော ခြေဖဝါးတော်၌ ပီပြင်ပြတ်သားစွာ ထင်ရှားကုန်၏၊ ထိုမြတ်စွာဘုရား၏ စက်လက္ခဏာတော်တို့ကို ခြေဖဝါးတွင် တွေ့မြင်ရသောကြောင့် မြတ်စွာဘုရား၌ (ဘုရားဟုတ်မှန်၏ ဟူ၍) ဆုံးဖြတ်ချက် ချနိုင်ခြင်းသို့ ရောက်ခဲ့ပြီ။

၎င်း "(၁၀၈)ကွက် စက်လက္ခဏာ ဆွမ်းတော်ကပ်နည်း" ကို ရွတ်ဆိုလျက် ဆွမ်းတော်ကပ်လှူပါလျှင် အလှူ့ရှင်တို့အား အလွန်အကျိုးများပါသည်၊ ဆွမ်းတော်ကပ်လှူခြင်း ဒါနကုသိုလ်အပြင် ဗုဒ္ဓါနုဿတိဘာဝနာ, ဝိပဿနာဘာဝနာ, မေတ္တာဘာဝနာ ကုသိုလ် တို့ကိုပါ ဆင့်ပွားအနေဖြင့် ရရှိနိုင်ပါသည်။

## ဥဂ္ဂသူဌေး ဆွမ်းကပ်နည်း

ဆွမ်းအလှူရှင်တို့ ချက်ပြုတ်လှူဒါန်းကြရာ၌ မိမိတို့စိတ်ကြိုက် တရုပ်ဟင်း, မြန်မာဟင်း, ကုလားဟင်း, သက်သတ်လွတ်ဟင်းတို့ကို စုံလင်စွာကပ်လှူ စီစဉ်ထားသည်ကို တွေ့ရသည်၊ ယင်းသို့ မိမိတို့ စိတ်ကြိုက် ချက်ပြုတ်လှူဒါန်းကြခြင်းသည် ဥဂ္ဂသူဌေးအား ဘုရားရှင် ဟောကြားခဲ့သည့် "မနာပဒါယီ လဘတေ မနာပံ" ဟူသော ဒေသနာနှင့် အညီပင်ဖြစ်သည်၊ ဥဂ္ဂသူဌေးကား ဘုရားရှင်ကို ဆွမ်းကပ်လျှင် မွန်မြတ်သော အစာအာဟာရတို့ကိုသာ ကပ်လှူလေ့ရှိ၏၊ သူကြိုက်နှစ်သက်သော အင်ကြင်းပန်းပွင့် အဆင်းနှင့်တူသည့် ခဲဘွယ်၊ ဆီးသီး ဇီရာစသည်တို့ဖြင့် ချက်ထားသော ဝက်ပျိုသားဟင်း၊ ကန်စွန်းရွက်ဆီပြန်

ကြော်၊ ပဲဟင်းအသားဟင်း သလေးဆွမ်းတို့ ဖြင့်လည်း ကပ်လှူခဲ့လေသည်၊ ထို့ကြောင့် ဘုရားရှင်က ဥဂ္ဂသူဌေး အား မနာပဒါယက နှစ်သက်ဖွယ်ဝတ္ထု လှူဒါန်းသည့် အရာ၌ အသာဆုံး အမြတ်ဆုံး "ဧတဒဂ်ဘွဲ့ထူး"ကို ဖော်ပြပါအတိုင်း ပေးလိုက်ခြင်း ဖြစ်သည်။

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဥပါသကာနံ မနာပ ဒါယကာနံ ယဒိဒံ ဥဂ္ဂေါ ဂဟပတိ ဝေသာလိကော။

ချစ်သားတို့ နှစ်ခြိုက်ဖွယ်သော ဝတ္ထုပစ္စည်းကို ပေးလှူလေ့ရှိ ကြသည့် ငါဘုရား၏ တပည့်သာဝက ဥပါသကာတို့တွင် ဝေသာလီ ပြည်သား ဥဂ္ဂသူဌေးသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏။

ဥဂ္ဂသူဌေး၏ ဆွမ်းကပ်နည်းကို အင်္ဂုတ္တိုရ်ပါဠိတော် ဒုတိယတွဲ ပဉ္စကနိပါတ် မနာပဒါယီသုတ် (အံ၊ ၂၊ ၄၂)မှ ထုတ်နှုတ် ဖော်ပြ လိုက်ပါသည်။

## မနာပဒါယီသုတ် ပါဠိတော် မြန်မာပြန်

အခါတပါး၌ မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်သော ကူဋာဂါရ

ကျောင်းကြီး၌ သီတင်းသုံး နေတော်မူ၏၊ ထိုစဉ်အခါ မြတ်စွာဘုရားသည် နံက်အခါ၌ (သင်္ကန်း)ကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူဆောင်ပြီးလျှင် ဝေသာလီပြည်သား အနာဂါမ်အရိယာ ဥဂ္ဂသူကြွယ်အိမ်သို့ ချဉ်းကပ်၍ ခင်းထားအပ်သော နေရာ၌ ထိုင်နေတော်မူ၏၊ ထိုအခါ ဝေသာလီပြည်သား ဥဂ္ဂသူကြွယ် သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်လျက် မြတ်စွာဘုရားအား "အရှင်ဘုရား မနာပဒါယီ လဘတေ မနာပံ=နှစ်ခြိုက်ဖွယ်(ဝတ္ထု)ကို ပေးလှူသူသည် နှစ်ခြိုက်ဖွယ် (အကျိုး)ကို ရ၏" ဟူသော ဤစကားကို အကျွန်ုပ်သည် မြတ်စွာ ဘုရား မျက်မှောက်တော်မှ ကြားနာရဘူးပါသည်၊ မြတ်စွာဘုရား၏ မျက်မှောက်တော်မှ ခံယူရဘူးပါသည်။

၁။ အရှင်ဘုရား အကျွန်ုပ်၏ အင်ကြင်းပွင့် အဆင်းရှိသော ခဲဖွယ်သည် နှစ်ခြိုက်ဖွယ်ရှိပါသည်၊ မြတ်စွာဘုရားသည် သနားစောင့်ရှောက်ခြင်းကို အကြောင်းပြု၍ အကျွန်ုပ်၏ ထိုခဲဖွယ်ကို ခံယူတော်မူပါဟုလျှောက်၏၊ မြတ်စွာဘုရားသည် သနားစောင့်ရှောက် ခြင်းကို အကြောင်းပြု၍ ခံယူတော်မူပါသည်။

၂။ အရှင်ဘုရား အကျွန်ုပ်၏ ဆီးသီးဖြင့် စီမံထားသော ဝက်သားဟင်းသည် နှစ်ခြိုက်ဖွယ် ကောင်းလှပါ၏၊ မြတ်စွာဘုရားသည် သနားစောင့်ရှောက်ခြင်းကို အကြောင်းပြု၍ အကျွန်ုပ်၏ ထိုဟင်းကို ခံယူတော်မူပါဟု လျှောက်ထား၏။

၃။ အရှင်ဘုရား အကျွန်ုပ်၏ ကန်စွန်းရွက် ဆီပြန်ကြော်သည် နှစ်ခြိုက်ဖွယ် ကောင်းလှပါ၏၊ မြတ်စွာဘုရားသည် သနားစောင့်ရှောက် ခြင်းကို အကြောင်းပြု၍ အကျွန်ုပ်၏ ထိုကန်စွန်းရွက် ဆီပြန်ကြော်ကို ခံယူတော်မူပါဟု လျှောက်ထား၏။

၄။ အရှင်ဘုရား ဆန်မည်းကို ရွေးချယ်ပြီး၍ များစွာသော အရည်သောက်ဟင်းနှင့် စားမဲဟင်းလျာ ရှိသော အကျွန်ုပ်၏ သလေး ဆွမ်းသည် နှစ်ခြိုက်ဖွယ် ကောင်းလှပါ၏၊ မြတ်စွာဘုရားသည် သနား စောင့်ရှောက်ခြင်းကို အကြောင်းပြု၍ အကျွန်ုပ်၏ ထိုသလေးဆွမ်းကို ခံယူတော်မူပါဟု လျှောက်ထား၏။

၅။ အရှင်ဘုရား အကျွန်ုပ်၏ ကာသိကတိုင်းဖြစ် အဝတ်တို့သည် နှစ်ခြိုက်ဖွယ် ရှိပါကုန်၏၊ မြတ်စွာဘုရားသည် သနားစောင့်ရှောက် ခြင်းကို အကြောင်းပြု၍ အကျွန်ုပ်၏ ထိုအဝတ်တို့ကို ခံယူတော်မူပါဟု လျှောက်ထား၏။

၆။ အရှင်ဘုရား အကျွန်ုပ်၏ ပလ္လင်မွေးရှည် ကော်ဇောကြီး ပန်းပြောက်ခြယ်သားမွေးအခင်း ဝံပိုင့်ရေအခင်း (နီသော) မျက်နှာကြက်နှင့် အုံးနီနှစ်ဖက်ရှိ နေရာသည် နှစ်ခြိုက်ဖွယ် ကောင်းလှပါ၏၊ အရှင်ဘုရား အကျွန်ုပ်တို့သည်လည်း "ဤအရာဝတ္ထုများသည် စင်စစ်အားဖြင့် မြတ်စွာဘုရားရှင်အား မအပ်"ဟု သိပါကုန်၏၊ အရှင်ဘုရား အကျွန်ုပ်တို့၏ ဤစန္ဒကူးနှစ် ထိုင်ခုံသည် တသိန်းကျော် တန်ပါ၏၊ အကျွန်ုပ်၏ ထိုအသုံးအဆောင် ဝတ္ထုတို့ကို မြတ်စွာ ဘုရားသည် သနားစောင့်ရှောက်ခြင်းကို အကြောင်းပြု၍ ခံယူတော် မူပါဟု လျှောက်ထား၏။ မြတ်စွာဘုရားသည် သနားစောင့်ရှောက် ခြင်းကို အကြောင်းပြု၍ ခံယူတော်မူပါသည်။

## နှစ်ခြိုက်ဖွယ်ကို ပေးလှူမှု နှစ်ခြိုက်ဖွယ်ကို ရရှိပုံ

ထိုအခါ မြတ်စွာဘုရားသည် ဝေသာလီပြည်သား ဥဂ္ဂသူကြွယ်ကို ဤအနုမောဒနာစကားဖြင့် ကောင်းချီး ခေါ်တော်မူ၏။

"နှစ်ခြိုက်ဖွယ်ဝတ္ထုကို ပေးလှူသူသည် နှစ်ခြိုက်ဖွယ် (အကျိုး)ကို ရရှိနိုင်၏၊ အကြင်သူသည် ဖြောင့်မတ်သော ရဟန္တာ ပုဂ္ဂိုလ်တို့၌ လိုလိုချင်ချင်အားဖြင့် အဝတ်ကိုရင်း

အိပ်ရာနေရာကိုဖြစ်စေ ဆွမ်းဘောဇဉ် အဖျော်ကိုဖြစ်စေ အထူးထူးသော ပစ္စည်းတို့ကို ပေးလှူ၏။

လယ်ယာမြေကောင်းနှင့် တူကုန်သော ရဟန္တာပုဂ္ဂိုလ်တို့ကိုသိ၍ စွန့်အပ်လှူတ်အပ် ချီးမြှောက်အပ်၏၊ နှစ်ခြိုက်ဖွယ်ကို ပေးလှူသော ထိုသူတော်ကောင်းသည် စွန့်နိုင်ခဲသည်ကို စွန့်၍ နှစ်ခြိုက်ဖွယ်အကျိုးကို ရ၏”ဟု ကောင်းချီးခေါ်တော်မူပါသည်။

ထို့နောက် မြတ်စွာဘုရားသည် ဝေသာလီပြည်သား ဥဂ္ဂ သူကြွယ်ကို ဤအနုမောဒနာစကားဖြင့် ကောင်းချီးခေါ်တော် မူပြီးလျှင် နေရာမှထကာ ဖဲခွါကြွသွားတော်မူ၏၊ ထို့နောက် အခါတပါး၌ ဝေသာလီ ပြည်သား ဥဂ္ဂသူကြွယ်သည် ကွယ်လွန်လေ၏၊ ကွယ်လွန် လေပြီးသော ဝေသာလီပြည်သား ဥဂ္ဂသူကြွယ်သည်ကား (ဈာန်)စိတ်ဖြင့် ပြီးသော တခုသော (သုဒ္ဓါဝါသ)ဗြဟ္မာ့ဘုံ၌ ဖြစ်လေ၏။

ထိုစဉ်အခါ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ် သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်းတိုက်၌ သီတင်းသုံး နေတော် မူ၏၊ ထိုအခါ ညဉ့်ဦးယံလွန်ပြီးသော (သန်ကောင်ယံ)အခါ၌ အလွန် နှစ်သက်ဖွယ်သော အဆင်းရှိသည်ဖြစ်၍ ဇေတဝန်ကျောင်းအလုံးကို

ထိန်လင်းစေလျက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသောနေရာ၌ ရပ်တည်နေသော ရဟန္တာ ဥဂ္ဂပြဟ္မာကို မြတ်စွာဘုရားသည်--

"ဥဂ္ဂ အသို့နည်း၊ သင့်အား အလိုအတိုင်း ပြည့်စုံ၏လော" ဟု မေးတော်မူ၏၊ "အရှင်ဘုရား-တပည့်တော်အား အလိုအတိုင်း စင်စစ် ပြည့်စုံပါ၏"ဟု ဖြေကြား လျှောက်ထား၏။ ထိုအခါ မြတ်စွာ ဘုရားသည် ဥဂ္ဂပြဟ္မာကို ဂါထာတို့ဖြင့် ဟောကြားတော်မူပါသည်။

၁။ မနာပဒါယီ လဘတေ မနာပံ၊
အဂ္ဂဿ ဒါတာ လဘတေ ပုနဂ္ဂံ။
ဝရဿ ဒါတာ ဝရလာဘီ ဟောတိ၊
သေဋ္ဌံ ဒဒေါ သေဋ္ဌမုပေတိ ဌာနံ။

၁။ နှစ်ခြိုက်ဖွယ်ကို ပေးလှူသူသည် နှစ်ခြိုက်ဖွယ်ကို ရ၏၊ မွန်မြတ်သည်ကို ပေးလှူသူသည် တဖန် မွန်မြတ်သည်ကို ရ၏၊ တောင့်တအပ်သည်ကို ပေးလှူသူသည် တောင့်တအပ်သည်ကိုရ၏၊ ချီးမွမ်းအပ်သည်ကို ပေးလှူသူသည် ချီးမွမ်းအပ်သည့် (ဌာန)သို့ ရောက်ရလေ၏။

၂။ ယော အဂ္ဂဒါယီ ဝရဒါယီ သေဋ္ဌဒါယီ စ ယော နရော။
ဒီဃာယု ယသဝါ ဟောတိ၊ ယတ္ထ ယတ္ထူပပဇ္ဇတိ။

၂။ အကြင်သူသည် အထွတ်အမြတ် ဝတ္ထုပစ္စည်းကို

ပေးလှူလေ့ရှိ၏၊ တောင့်တအပ်သော ဝတ္ထုပစ္စည်းကို ပေးလှူလေ့ရှိ၏၊ အကြင်သူသည် ချီးမွမ်းအပ်သော ဝတ္ထုပစ္စည်းကို ပေးလှူလေ့ရှိ၏၊ ထိုသူသည် ဖြစ်လေရာရာ ဘုံဘဝ၌ အသက်ရှည်သူ အခြံအရံများသူ ဖြစ်ရ၏" ဟု ဟောတော်မူပါသည်။

ဘုရားရှင်ဟောကြားသည့် "မနာပဒါယီ လဘတေ မနာပံ" ဟူသည် နှစ်သက်မြတ်နိုးဖွယ် အရာဝတ္ထုကို လှူဒါန်းသူသည် နှစ်သက်မြတ်နိုးဖွယ် ကောင်းကျိုးချမ်းသာကိုပင်ရ၏ဟူ၍ ဆိုလို ပေသည်၊ ဘုရားရှင်အား "(၁၀၈)ကွက်စက်လက္ခဏာ ဆွမ်းတော် ကပ်နည်း" ဖြင့် နှစ်သက်မြတ်နိုးဖွယ် အရာဝတ္ထုတို့ကို လှူဒါန်းကြသည့် အလှူရှင်တို့သည် နှစ်သက် မြတ်နိုးဖွယ် ကောင်းကျိုးချမ်းသာတို့ကို ရရှိနိုင် ကြပါစေဟူ၍ အာသီသ ဆန္ဒပြုရပါသည်။

## (၁၀၈)ကွက် စက်လက္ခဏာ ဆွမ်းတော်ကပ်နည်း

ပဏီတံ ရသသမ္ပန္နံ၊ ဘောဇနံ ဂန္ဓသံယုတံ။
ဒဒါမိ တေန နိဗ္ဗာနံ၊ သီဃံ ပပ္ပေါမိ နာသဝံ။

### (က)ဘုရားရှင်၏ ဂုဏ်တော်အဖုံဖုံ ဆင်ခြင်ပုံ

မြေမိုးအလုံး စွေဖြိုးချန်း၍ ပြိုင်နှိုးမရ မြင့်မြတ်လှသည့် ခြောက်ဝဘုန်းဟုန် တန်ခိုးဂုဏ်နှင့် ပြည့်စုံ ပေကြားရှင်တော်မြတ်ဘုရား။

ရူပကာယဂုဏ်,ဓမ္မကာယဂုဏ် အားဖြင့်လည်းကောင်း+အတ္တဟိတသမ္ပတ္တိဂုဏ်,ပရဟိတပဋိပတ္တိဂုဏ်အားဖြင့်လည်းကောင်း+ ကရုဏာဂုဏ်, ပညာဂုဏ်အားဖြင့်လည်းကောင်း+ ဟေတုသမ္ပဒါဂုဏ်, ဖလသမ္ပဒါဂုဏ်, သတ္တု ပကာရသမ္ပဒါဂုဏ်အားဖြင့်လည်းကောင်း+ စရိယဝဏ္ဏဂုဏ်,သရီရဝဏ္ဏဂုဏ်, ဂုဏဝဏ္ဏဂုဏ်အားဖြင့်လည်းကောင်း+ ဇာတိမဟတ္တာဂုဏ်,ပုညမဟတ္တာဂုဏ်, ဂုဏမဟတ္တာဂုဏ်အားဖြင့်လည်းကောင်း+ ရူပါစိန္တေယျဂုဏ်, ဝါစာစိန္တေယျဂုဏ်, ကုဒ္ဓိအစိန္တေယျဂုဏ်, ဉာဏာစိန္တေယျဂုဏ် အားဖြင့်လည်းကောင်း+ ရူပဂုဏ်, ဃောသဂုဏ်,လူခဂုဏ်,

ဓမ္မဂုဏ်အားဖြင့်လည်းကောင်း+သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်,ဝိမုတ္တိဂုဏ်,ဝိမုတ္တိဉာဏဒဿန ဂုဏ်အားဖြင့် လည်းကောင်း၊ အရဟတာ အစလာသည့် ကိုးဖြာသော ဂုဏ်တော် အပေါင်းနှင့်လည်းကောင်း ပြည့်စုံတော်မူသော၊ နတ်,လူ, ဗြာဟ္မာ, သတ္တဝါတို့၏ ကိုးကွယ်အားထားရာ လည်း ဖြစ်တော်မူသော၊ သက်တော်ထင်ရှား သဗ္ဗညု မြတ်စွာဘုရားကို ရည်ရော်မှတ်သား နှလုံးထား၍ ထိုသဗ္ဗညု ထွန်းထား မြတ်စွာဘုရား၏ ခန္ဓာကိုယ်တော်၌ တည်ရှိ ကြသည့်-

## (ခ) (၁၀၈)ကွက် စက်လက္ခဏာတော် နာမည်များ

မြတ်စွာဘုရားရှင်၏ နှစ်ဘက်သောခြေဖဝါးတော် အပြင်တို့၌ တစ်ထောင်သော အကန့်အကွက် အကွပ်တံကူ ပုံတောင်း အချက်နှင့် တကွ ခပ်သိမ်းသော အချင်းအရာ တို့နှင့်ပြည့်စုံသော (၁၀၈)ကွက် စက်လက္ခဏာ မင်္ဂလာ အမှတ်အသားများဖြစ်ကြကုန်သော--

၁။ သတ္တိ,လက္ခဏာ=လှံမပုံ

၂။ သိရိဝစ္ဆ,လက္ခဏာ=အိမ်မွန်ပုံ

၃။ နန္ဒိယာဝဋ္ဋ,လက္ခဏာ=ဇလပ်ပန်းသဏ္ဍာန်ကလာပ်ပုံ

၄။ သောဝတ္ထိက,လက္ခဏာ=လည်ရေးသုံးဆင့်ပုံ

၅။ ဝဋ္ဋံသက,လက္ခဏာ=ဦးဆောက်ပန်းပုံ

၆။ ဝမ္ဗမာနက,လက္ခဏာ=ယောက်ျားတဦးက အခြား တဦးကိုထမ်းသည့်ပုံ

၇။ ဘဒ္ဒပီဌ,လက္ခဏာ=အင်းပျဉ်ပုံ

၈။ အင်္ကုသ,လက္ခဏာ=ချွန်းတောင်းပုံ

၉။ ပါသာဒ,လက္ခဏာ=ပြာသာဒ်ပုံ

၁၀။ တောရဏ,လက္ခဏာ=တံခါးတိုင်ပုံ

၁၁။ သေတစ္ဆတ္တ,လက္ခဏာ=ထီးဖြူပုံ

၁၂။ ခဂ္ဂ,လက္ခဏာ=သန်လျက်ပုံ

၁၃။ တာလဝဏ္ဋလက္ခဏာ=ထန်းရွက်ယပ်ဝန်းပုံ

၁၄။ မယူရဟတ္ထ,လက္ခဏာ=ဥဒေါင်းမြီးယပ်ပုံ

၁၅။ ဥဏှီသ,လက္ခဏာ=သင်းကျစ်ပုံ

၁၆။ မဏိ,လက္ခဏာ=ပတ္တမြားပုံ

၁၇။ ပတ္တ,လက္ခဏာ=သပိတ်ပုံ

၁၈။ သုမနဒါမ,လက္ခဏာ=မြတ်လေးပန်းဆိုင်းပုံ

၁၉။ နီလုပ္ပလ,လက္ခဏာ=ကြာညိုပုံ

၂၀။ ရတ္တုပ္ပလ,လက္ခဏာ=ကြာနီပုံ

၂၁။ သေတုပ္ပလ,လက္ခဏာ=ကြာဖြူပုံ

၂၂။ ပဒုမ,လက္ခဏာ=ပဒုမ္မာကြာပုံ

၂၃။ ပုဏ္ဍရိက,လက္ခဏာ=ပုဏ္ဍရိက်ကြာပုံ

၂၄။ပုဏ္ဏဃရ,လက္ခဏာ=ရေပြည့်အိုးပုံ

၂၅။ပုဏ္ဏပါတိ,လက္ခဏာ=ရေပြည့်ဖလားပုံ

၂၆။ သမုဒ္ဒ,လက္ခဏာ=မဟာသမုဒ္ဒရာပုံ

၂၇။ စက္ကဝါဠပဗ္ဗတ,လက္ခဏာ=စကြဝဠာတောင်ပုံ

၂၈။ ဟိမဝန္တပဗ္ဗတ,လက္ခဏာ=ဟိမဝန္တာတောင်ပုံ

၂၉။ မေရုပဗ္ဗတ,လက္ခဏာ=မြင်းမိုရ်တောင်ပုံ

၃၀။ သူရိယမဏ္ဍလ,လက္ခဏာ=နေဝန်းပုံ

၃၁။ စန္ဒမဏ္ဍလ,လက္ခဏာ=လဝန်းပုံ

၃၂။ နက္ခတ္တာနိ,လက္ခဏာ=နက္ခတ်တာရာများပုံ

၃၃။ ပုဗ္ဗဝိဒေဟ,လက္ခဏာ=အရှေ့ကျွန်းပုံ

၃၄။ အပရဂေါယာန,လက္ခဏာ=အနောက်ကျွန်းပုံ

၃၅။ ဥတ္တရကုရု,လက္ခဏာ=မြောက်ကျွန်းပုံ

၃၆။ ဇမ္ဗုဒီပ,လက္ခဏာ=ဇမ္ဗူဒိပ်(တောင်)ကျွန်းပုံ

၃၇။ စက္ကဝတ္တိ,လက္ခဏာ=စကြဝတေးမင်းပုံ

၃၈။ သေတသင်္ခ,လက္ခဏာ=လက်ယာရစ်ခရုသင်းဖြူပုံ

၃၉။ မစ္ဆယုဂဠ,လက္ခဏာ=ငါးကြင်းအစုံပုံ

၄၀။ စက္ကာဝုဓ,လက္ခဏာ=စက်လက်နက်ပုံ

၄၁။ လဝဏသီဒါ,လက္ခဏာ=ဆားငံသမုဒ္ဒရာပုံ

၄၂။ ဥစ္ဆုသီဒါ,လက္ခဏာ=ကြံရည်အဆင်းရှိသော
သမုဒ္ဒရာပုံ

၄၃။ သုရာသီဒါ,လက္ခဏာ=သေရည် အဆင်းရှိသော
သမုဒ္ဒရာပုံ

၄၄။ သာဓိသီဒါ,လက္ခဏာ=အမှုခပ်သိမ်းပြီးစေသော
သမုဒ္ဒရာပုံ

၄၅။ ဒဓိသီဒါ,လက္ခဏာ=နို့ဓမ်း အဆင်းရှိသော
သမုဒ္ဒရာပုံ

၄၆။ ဒုဒ္ဓသီဒါ,လက္ခဏာ=နို့ရည်အဆင်းရှိသော သမုဒ္ဒရာပုံ

၄၇။ ဇလသီဒါ,လက္ခဏာ=ရေချို သမုဒ္ဒရာပုံ

၄၈။ ယုဂန္ဓရ,လက္ခဏာ=ယုဂန္ဓရတောင်ပုံ

၄၉။ ဤသဓရ,လက္ခဏာ=ဤသဓရတောင်ပုံ

၅၀။ ကရဝိက,လက္ခဏာ=ကရဝိကတောင်ပုံ

၅၁။ သုဒဿန,လက္ခဏာ=သုဒဿနတောင်ပုံ

၅၂။ နေမိန္ဓရ,လက္ခဏာ=နေမိန္ဓရတောင်ပုံ

၅၃။ ဝိနတက,လက္ခဏာ=ဝိနတကတောင်ပုံ

၅၄။ အဿကဏ္ဏ,လက္ခဏာ= အဿကဏ္ဏတောင်င်ပုံ

၅၅။ အနောတတ္တ,လက္ခဏာ=အနောတတ္တရေအိုင်ပုံ

၅၆။ ကဏ္ဏမုဏ္ဍ,လက္ခဏာ=ကဏ္ဏမုဏ္ဍရေအိုင်ပုံ

၅၇။ ရထကာရ,လက္ခဏာ=ရထကာရရေအိုင်ပုံ

၅၈။ ဆဒ္ဒန္တ,လက္ခဏာ=ဆဒ္ဒန္တရေအိုင်ပုံ

၅၉။ ကုဏာလ,လက္ခဏာ=ကုဏာလရေအိုင်ပုံ

၆၀။ မဏ္ဍာကိနီ,လက္ခဏာ=မဏ္ဍာကိနီရေအိုင်ပုံ

၆၁။ သီဟပ္ပပါတ,လက္ခဏာ=သီဟပ္ပပါတရေအိုင်ပုံ

၆၂။ သုပဏ္ဏ,ရာဇာ,လက္ခဏာ=ဂဠုန်မင်းပုံ

၆၃။ သံသုမာရ,လက္ခဏာ=မိကျောင်းမင်းပုံ

၆၄။ ဓဇ,လက္ခဏာ=တံခွန်လျှားပုံ

၆၅။ ပဋာကာ,လက္ခဏာ=တံခွန်ကုက္ကားပုံ

၆၆။ သုဝဏ္ဏသိဝိကာ,လက္ခဏာ=ရတနာသံလျင်းပုံ

၆၇။ သုဝဏ္ဏဝါဠဗီဇနီ,လက္ခဏာ=ရွှေစာမရီသားမြီး ယပ်ပုံ

၆၈။ ကေလာသပဗ္ဗတ,လက္ခဏာ=ကေလာသငွေတောင်ပုံ

၆၉။ သီဟရာဇာ,လက္ခဏာ=ခြင်္သေ့မင်းပုံ

၇၀။ ဗျဂ္ဃရာဇာ,လက္ခဏာ=ကျားမင်းပုံ

၇၁။ ဝလာဟကအဿရာဇာ,လက္ခဏာ =ဝလာဟက မြင်းမင်းပုံ

၇၂။ ဥပေါသထ ဆဒ္ဒန္တဟတ္ထိရာဇာ,လက္ခဏာ=ဥပေါသထ ဆဒ္ဒန္တဆင်မင်းပုံ

၇၃။ ဗာသုကိနာဂရာဇာ,လက္ခဏာ=ဗာသုကိနဂါးမင်းပုံ
၇၄။ ဟံသရာဇာလက္ခဏာ=ဟင်္သာမင်းပုံ
၇၅။ ဥသဘရာဇာ,လက္ခဏာ=ဥသဘနွားမင်းပုံ
၇၆။ ဧရာဝဏဟတ္ထိရာဇာ,လက္ခဏာ=ဧရာဝဏ်ဆင်မင်းပုံ
၇၇။ သုဝဏ္ဏမကာရ,လက္ခဏာ=ရွှေမကာရ်ပုံ
၇၈။ သုဝဏ္ဏနာဝါ,လက္ခဏာ=မုခ်ထွင့်ရှေးခုရှိသော
ရွှေလှေပုံ
၇၉။ ဗြဟ္မရာဇာ,လက္ခဏာ=ဗြဟ္မာမင်းပုံ
၈၀။ သဝစ္ဆကာဓေနု,လက္ခဏာ=နွားသားအမိပုံ
၈၁။ကိံပုရိသ ကပုရိသီ,လက္ခဏာ =ကိန္နရာအဖို အမပုံ
၈၂။ ကရဝိက,လက္ခဏာ=ကရဝိက်ငှက်မင်းပုံ
၈၃။ မယူရရာဇာ,လက္ခဏာ=ဥဒေါင်းမင်းပုံ
၈၄။ ကောဉ္စရာဇာ,လက္ခဏာ=ကြိုးကြားငှက်မင်းပုံ
၈၅။ စက္ကဝါကရာဇာ,လက္ခဏာ=စက္ကဝါက်ငှက်မင်းပုံ
၈၆။ ဇီဝဉ္ဇီဝကရာဇာ,လက္ခဏာ=ဇီဝဇိုဝ်းငှက်မင်းပုံ
၈၇။ စာတုမဟာရာဇိကာ, လက္ခဏာ= စာတုမဟာရာဇ်
နတ်ဘုံ
၈၈။ တာဝတိံသာ, လက္ခဏာ=တာဝတိံသာနတ်ဘုံ
၈၉။ ယာမာ,လက္ခဏာ=ယာမာနတ်ဘုံ

၉၀။ တုသိတာ,လက္ခဏာ=တုသိတာနတ်ဘုံ

၉၁။ နိမ္မာနရတိ,လက္ခဏာ=နိမ္မာနရတိနတ်ဘုံ

၉၂။ ပရနိမ္မိတဝသဝတ္တိ,လက္ခဏာ=ပရနိမ္မိတဝသဝတ္တိ
နတ်ဘုံ

၉၃။ ဗြဟ္မပါရိသဇ္ဇာ,လက္ခဏာ=ပါရိသဇ္ဇာဗြဟ္မာဘုံ

၉၄။ ဗြဟ္မပုရောဟိတာ,လက္ခဏာ=ပုရောဟိတဗြဟ္မာဘုံ

၉၅။ မဟာဗြဟ္မာ,လက္ခဏာ=မဟာဗြဟ္မာဘုံ

၉၆။ ပရိတ္တာဘာ,လက္ခဏာ=ပရိတ္တာဘာဗြဟ္မာဘုံ

၉၇။ အပ္ပမာဏာဘာ,လက္ခဏာ=အပ္ပမာဏာဘာဗြဟ္မာဘုံ

၉၈။ အာဘဿရာ,လက္ခဏာ=အာဘဿရာဗြဟ္မာဘုံ

၉၉။ ပရိတ္တသုဘာ,လက္ခဏာ =ပရိတ္တသုဘာဗြဟ္မာဘုံ

၁၀၀။ အပ္ပမာဏသုဘာ,လက္ခဏာ=အပ္ပမာဏသုဘာ
ဗြဟ္မာဘုံ

၁၀၁။ သုဘကိဏှာ,လက္ခဏာ=သုဘကိဏှာဗြဟ္မာဘုံ

၁၀၂။ ဝေဟပ္ဖလာ,လက္ခဏာ=ဝေဟပ္ဖလာဗြဟ္မာဘုံ

၁၀၃။ အသညသတ္တာ,လက္ခဏာ=အသညသတ္တာဗြဟ္မာဘုံ

၁၀၄။ အဝိဟာ,လက္ခဏာ=အဝိဟာဗြဟ္မာဘုံ

၁၀၅။ အတပ္ပါ,လက္ခဏာ=အတပ္ပါဗြဟ္မာဘုံ

၁၀၆။ သုဒဿါ,လက္ခဏာ=သုဒဿာဗြဟ္မာဘုံ

၁၀၇။ သုဒဿီ,လက္ခဏာ=သုဒဿီ ပြဟ္မာဘုံ

၁၀၈။ အကနိဋ္ဌာ,လက္ခဏာ=အကနိဋ္ဌာပြဟ္မာဘုံ တို့ - - အားဖြင့် (၁၀၈)ကွက် စက်လက္ခဏာတော်တို့ကို ရည်မှန်းသမှု အကြောင်းပြု၍-ဓာတုစေတီ,ဓမ္မစေတီ,ဥဒ္ဒိဿစေတီ, ပရိဘောဂစေတီ, ပါဒစေတီ အားဖြင့် စေတီ(၅)ဆူတို့အား ကောင်းနိုးရာရာ အဖြာဖြာကို များစွာပေါင်းစပ် စီမံလတ်၍ မွန်မြတ်ထသော၊ ချိုမြိန်လှစွာ အရသာနှင့် ကောင်းစွာဖုံဖုံ ပြည့်စုံထသော၊ မွှေးကြိုင်သင်းပျံ့ ကောင်းသော ရနံ့နှင့်လည်း ယှဉ်ထသော၊ သုံးဘုံထွဋ်ထား ဘုန်းဂုဏ်ကြွားသည့် ဘုရားနှင့်သာ ထိုက်တန်ရာဟု များစွာချိုချဉ် ဆွမ်းဘောဇဉ် ဖြစ်ကြသော-

## (ဂ) ကပ်လှူပူဇော်ခြင်း

အဆင်းအနံ့ အရသာနှင့်ပြည့်စုံသည့် (၁၀၈)ခွက်သော ဤဆွမ်းခဲဘွယ် ဘောဇဉ်တို့ကိုလည်းကောင်း၊ သစ်သီး(၁၀၈)ပုဂံတို့ကို လည်းကောင်း၊ စင်ကြယ်သန့်ရှင်း မြူနည်းကင်းသော ဤသောက်တော်ရေ သုံးတော်ရေ (၁၀၈)ခွက်တို့ကိုလည်းကောင်း၊ အနံ့အဆင်း ကြိုင်ကြိုင်သင်းသော သန့်ရှင်းဝေလန်း ဤမြတ်သော ပန်း(၁၀၈)မျိုး

တို့ကိုလည်းကောင်း၊ မိုက်မှောင်ပယ်ဖျောက် လင်းရောင်တောက်သည့် ဤလျှပ်စစ်ဆီမီး အလင်းတိုင်(၁၀၈)တိုင်တို့ကိုလည်းကောင်း၊ နံ့သာမွှေးကြိုင် ဤအမွှေးတိုင်တို့ကိုလည်းကောင်း၊ ပုဗ္ဗ,မုဉ္စ,အပရအားဖြင့် စေတနာသုံးတန် ထက်သန် လှစွာ ကပ်လှူပူဇော်ပါ၏ အရှင်ဘုရား။

## (ဃ) ဝိပဿနာ ဘာဝနာ ပွါးများခြင်း

ဤသို့လျှင် ဘုရားရှင်အား ဆွမ်းခဲဘွယ်ဘောဇဉ် ချိုချဉ်အရသာ အဖြာဖြာနှင့် သောက်တော်ရေချမ်း ဆီမီးပန်းတို့ကို လှူဒါန်းရကြောင်း ဒါနကုသိုလ်ကံ စေတနာ အပေါင်းတို့သည် ငါဇကေန် မဟုတ်ကြပေ၊ စေ့ဆော်ထက်သန်သော သဘာဝမျှ စေတနာတို့မျှသာ ဇကေန်ဟုတ်ကြ ပါပေသည်တကား။

ထိုစေတနာတို့သည် အကြောင်းကင်းလျက် ဖြစ်ပေါ်လာကြသည် မဟုတ်ပေ၊ အဝိဇ္ဇာ,တဏှာ, ဥပါဒါန်စသော အကြောင်းတရားတို့ကြောင့် ဖြစ်ပေါ်လာကြပေကုန်သည်တကား။ ထိုစေတနာတို့သည် ယခုဖြစ် ယခုပျက်၍ မမြဲလေသောကြောင့် အနိစ္စသဘောတရား တို့ချည်းပါတကား၊ ဖြစ်ပျက်နှစ်ဝ နှိပ်စက်လှ၍ ဆင်းရဲသော

ကြောင့် ဒုက္ခသဘောတရားတို့ ချည်းပါတကား၊ အလိုသို့ မလိုက် အကြိုက်သို့မပါ ကိုယ်ဖြစ်ချင် သလိုမဖြစ် သူဖြစ် ချင်သလိုသာ အကြောင်းအားလျော်စွာ ဖြစ်ပျက်ပြောင်း လဲ၍ နေသောကြောင့် အစိုးမရ အနတ္တသဘောတရား တို့ချည်းပါတကား၊

ဤသို့အားဖြင့် ဝိပဿနာ ဘာဝနာကိုလည်း နှလုံးသွင်းကာ ပွားများပါ၏ အရှင်ဘုရား။

## ( င) ဆွမ်းကောင်း တောင်းခြင်း

ဤသို့လျှင် ဘုရားရှင်အား ဆွမ်းခဲဘွယ်ဘောဇဉ် ချိုချဉ်ရသာ အဖြာဖြာနှင့် သစ်သီးဆွမ်း သောက်တော် ရေချမ်း ဆီမီး ပန်းတို့ကို လှူဒါန်းရကြောင်း ဒါနကုသိုလ်ကံ စေတနာ အပေါင်းကြောင့် လည်းကောင်း၊ ဝိပဿနာ ဘာဝနာကို နှလုံးသွင်းကာ ပွားများရခြင်း ဘာဝနာ ကုသိုလ်ကံ စေတနာ အပေါင်းကြောင့်လည်းကောင်း ဘုရား တပည့်တော်သည် ကိုယ်တွင်းကိုယ်ပ နှစ်ဌာနတို့၌ (၃၂)ပါးသော ကံကြမ္မာစသည့် ဘေးရန်ခပ်သိမ်း ကင်းပျောက်ငြိမ်း၍ ကောင်းကျိုးသုခ ဣဋ္ဌမင်္ဂလာ အဖြာဖြာတို့သည် တနေ့တခြား တိုးပွားပြည့်စုံကြ ကုန်ပြီး

လျှင် (ဤယခုဘဝ၌ပင်) ဆင်းရဲအားလုံးတို့၏ ကုန်ဆုံးရာ နိဗ္ဗာန် ချမ်းသာကို လွယ်ကူချမ်းသာလျှင်မြန်စွာ မဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်တို့ဖြင့် မျက်မှောက် ပြုရပါ လို၏ အရှင်မြတ်ဘုရား။

## (စ) မေတ္တာပို့သခြင်းနှင့် မေတ္တာခံယူခြင်း

ကြွင်းမဲ့ဥဿုံ အားလုံးကုန်သော သတ္တဝါတို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ၊ ဆင်းရဲခပ်သိမ်းမှ ကင်းငြိမ်းလွတ်မြောက် ကြပါစေ၊ ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝကြပါစေ၊ အကျွန်ုပ်သည် မိဘဆရာသမား ပညာရှိ သူတော်ကောင်းများ တန်ခိုးက္ကဒ္ဓိပါဒ်နှင့် ပြည့်စုံကုန်သော ပုဂ္ဂိုလ်များ အရိယာသူတော်စင်များ ပို့လွှတ်အပ်သည့် မေတ္တာဓာတ်ကိုလည်း အားထားကြည်ဖြူ ခံယူပါ၏ အရှင်မြတ်ဘုရား။

## (ဆ) အမျှဝေခြင်းနှင့် အမျှယူခြင်း

ဤသို့လျှင် ယနေ့ယခု အကျွန်ုပ်ပြုရသော ကုသိုလ် ကောင်းမှု အစုစုတို့၏ အဖို့ဘာဂ ဟူသမျှကို သက်ရှိထင် ရှား ရှိကြကုန်သော မိဘဆရာသမားများ, အကျွန်ုပ်ကို စောင့်ရှောက်ခဲ့ဘူးသည့် ကျေးဇူးရှင် ပုဂ္ဂိုလ်များ၊ ယခုအခါ

စည်းဝေးရောက်လာကြကုန်သော ပရိသတ် အပေါင်း သူတော်ကောင်းတို့အား အမျှထား၍ ကိုယ်စောင့်နတ်, အိမ်စောင့်နတ်,ကျောင်းစောင့်နတ်,နယ်စောင့်နတ်,လောက စောင့်နတ်, သာသနာစောင့်နတ်,ဘုရားစေတီစောင့်နတ်, သိကြားနတ်မင်း, ပဇ္ဇုန်မိုးနတ်မင်း, ယမမင်း အစရှိကုန် သော အားလုံးကုန်သော သုခိတ, ဒုက္ခိတသတ္တဝါများ၊ ဘဝသံသရာ အဆက်ဆက်မှ ဆွေမျိုးတော်စပ်ဖူး ကုန် သော ဆွေဟောင်းမျိုးဟောင်း ဝေမာနိက ပြိတ္တာ အပေါင်း တို့အား ကုသိုလ်အမျှ ပေးဝေငှပါ၏။ ကုသိုလ်အမျှ ပေးဝေငှပါ၏၊ သာဓု သာဓု-ဟူ၍ ခေါ်ဆိုကြလျက် ကုသိုလ်အမျှ ယူကြပါကုန်လော့၊ အကျွန်ုပ်သည်လည်း ကုသိုလ်ရှင် ကောင်းမှုရှင်တို့ ပြုလုပ်အားထုတ်၍ ပေးဝေအပ်သော ကုသိုလ်ကောင်းမှု အဖို့ဘာဂကိုလည်း ဝမ်းမြောက် နှမော် သာဓုခေါ်ပါ၏၊ ကုသိုလ်အမျှ အမျှ- အမျှ ယူတော်မူကြပါ ကုန်လော။ ။

သာဓု သာဓု သာဓု။ (၃) ကြိမ်။ ။

ဆွမ်းတော်ကပ်ပြီး၏

## ဗုဒ္ဓခြေတော်ရာ ဘုရားရှိခိုးများ

ဘုရား,စေတီ,ကျောင်းတို့တွင် ဗုဒ္ဓခြေတော်ရာတို့ကို ဖူးမြင်ကြရာ၌ ရှိခိုးပူဇော်နိုင်ကြရန် "အဖေ့ခြေရာ" စာအုပ်မှ ဗုဒ္ဓခြေတော်ရာ ဘုရားရှိခိုးဂါထာ လင်္ကာများနှင့် (၁၀၈) ကွက် စက်လက္ခဏာ, ခြေတော်ရာပုတီးစိပ်နည်း တို့ကို ထုတ်နုတ်လျက် ဖော်ပြလိုက်ပါသည်။

### ဗုဒ္ဓခြေတော်ရာ စက်နှိုး ဂါထာတော်များ

၁။ စက္ကပါဒေစ ဗုဒ္ဓဿ၊
အဋ္ဌုတ္တရသတာန စေတိယေ။
ဥဒ္ဒိဿကေ ဗုဒ္ဓပါဒေ၊
တီဏိ ဝန္ဒာမိ အာဒရံ။

၂။ ပါဒစက္ကံ ပဝတ္တေန္တော၊
ယော လောကိယေသု ဣဿရော။
ဓမ္မစက္ကံ ပဝတ္တေန္တော၊
လောကုတ္တရေသု ဣဿရော။

၃။ ဒွိစက္ကဝတ္တိရာဇာ သော၊
ဗောဓ္ဓါင်္ဂရတနိဿရော။
နလာဋေ မေ ပါဒစက္ကံ၊
ပဝတ္တေတု ပဒက္ခိဏံ။

ဗုဒ္ဓဿ၊ သက်တော်ထင်ရှား မြတ်စွာဘုရား၏။ စက္က ပါဒေစ၊ တစ်ရာ့ရှစ်ကွက် စက်လက္ခဏာ အစုံပါသော ခြေတော်အစုံ ကြာပဒုံ ဟုဆိုအပ်သော "သဇီဝပဒ စေတီ" တို့ကိုငှင်း။ ဗုဒ္ဓဿ-ဗုဒ္ဓေန၊ သက်တော်ထင်ရှား မြတ်စွာ ဘုရားသည်။ အဂ္ဂန္တဋ္ဌာနစေတိယေ၊ အရပ်ဒေသ ရှစ်ဌာန၌ အဓိဋ္ဌာန်ဖြင့် ပြအပ် ချထားအပ်သဖြင့် ထင်ကျန် ရစ်သော ခြေတော်ရာ "ပရိဘောဂ ပဒစေတီ" တို့ကိုငှင်း။ ဥဒ္ဒိဿကေ ဗုဒ္ဓပါဒေ၊ မြတ်စွာဘုရားရှင်၏ မူလခြေ တော်ရာတို့ကို ရည်မှန်းသမှု အကြောင်းပြု၍ တူနိုင်သမျှ တူအောင် စက္ကူတစ်ထွေ့, အင်္ဂတေအုတ်, ပလာစတာ, သဲကျောက်ဖျာနှင့်, စကျင်ကျောက်များ သစ်သား, အဝတ် အထည် ယွန်းကိုချယ်လျက် ဖန်သား, ပြဒါး-ကြေးပြား, ငွေပြား-ရွှေသားတို့ဖြင့် ကောင်းစွာထွင်းထု သွင်းပြု လုပ်လျှက်ပူဇော်ထားသော အရပ်ဒေသ-ဟူသမျှရှိ ဗုဒ္ဓခြေ တော်ရာ ပွါး "ဥဒ္ဒိဿက ပဒစေတီ" များကိုငှင်း။ ဣတိ၊ ဤသို့သောအားဖြင့်။ တီဏိ၊ သဇီဝ ပဒစေတီ, ပရိဘောဂ ပဒစေတီ, ဥဒ္ဒိဿက ပဒစေတီအားဖြင့် သုံးမျိုးသော ပဒစေတီ တော်တို့ကို။ အဟံ၊ ဘုရားတပည့် တော်သည်။ အာဒရံ၊ ရိုသေလှစွာ။ ဝန္ဒာမိ၊ သဒ္ဓါမြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ မြတ်စွာဘုရား။

ယောဘာဂဝါ၊ သုံးလောကထွဋ်ထား အကြွင်ရှင် တော်မြတ် ဘုရားသည်။ ပါဒစက္က၊ တစ်ရာ့ရှစ်ကွက် စက်လက္ခဏာ အစုံပါသော ခြေတော်အစုံ ကြာပဒုံကို။ ပဝတ္တေန္တော၊ အဝန်းသုံးပါးဝယ် ဖြန့်ချီ သွားတော်မူလျက်။ လောကိယေသု၊ လောကီဘုံသား သတ္တဝါများ အပေါ်၌။ ဣဿရော၊ ကိုယ်တော့်အလိုအတိုင်း လိုက်စေခြင်းဖြင့် အစိုးရတော်မူ၏။ သောဘာဂဝါ၊ သုံးလောကထွဋ်ထား ထိုမြတ်စွာ ဘုရားသည်။ ဓမ္မစက္က၊ ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါး သစ္စာလေးဖြာ စကြာရတနာကို။ ပဝတ္တေန္တော၊ (၄၅)ဝါ ကာလ ကြာအောင် နေ့ညမပြတ် ဟောကြားတော်မူလျှက်။ လောကုတ္တရေသု၊ လောကုတ္တ ရာတရားတို့၌။ ဣဿရော၊ အစိုးရတော်မူ၏။ ဗောဇ္ဈင်ဂ် ရတနိဿရော၊ ဗောဇ္ဈင်ခုနစ်ဖြာ ရတနာကို အစိုးရတော် မူသော။ သော ဒွိစက္ကဝတ္တိရာဇာ၊ ထိုစကြာနှစ်ဖြာကို ဖြစ်စေတော်မူတတ် တရားမင်းမြတ်သည်။ မေ၊ ခြေတော် ရာဂုဏ်ကို စွဲမြဲထုံ၍ ယုံကြည်ပေပြား ဘုရား တပည့်တော် ၏။ နလာဋေ၊ အမြတ်ထွဋ်တင် နဖူးပြင်၌။ ပဒက္ခိဏံ၊ လက်ျာ လှည့်၍။ ပါဒစက္က၊ တစ်ရာ့ရှစ်ကွက် စက်လက္ခ ဏာ အစုံပါသော ခြေတော်အစုံ ကြာပဒုံကို။ ပဝတ္တေတု၊

ရှင်ပင်မြတ်စွာ သာသနာကို ကမ္ဘာတစ်ဝန်း ပြုနိုင်စွမ်းဖို့ ဘုန်းတန်းကြွဒ္ဓိ မဟိဒ္ဓိနှင့် သိဒ္ဓိတော်ခေတ် တံဆိပ်ခတ်၍ လှည့်ပတ်စေသား မိန့်မြွက်ကြွားလျှက် စက်အား နှိုးဖွင့်တော် မူပါဘုရား-။

## သမ္ပဒါ (၃)မြာ ဗုဒ္ဓခေါ်တော်ရာ ဘုရားရှိခိုး

၁။ ဗုဒ္ဓဂုဏော အနန္တောဟု ပြဟောသချော ဂုဏ်ကိုရှာ သော် မဟာသုဂတ အတုလဟု ဗုဒ္ဓမြတ်စွာ စော သတ္တာသည် ကမ္ဘာတွက်ရေ လေးသင်္ချေနှင့် သိန်းနေ ကာလ ကြာသမျှဝယ် အနန္တသတ္တဝါ ဝေနေယျာကို ကရုဏာလွှန်မင်း သနားခြင်းသည် သားရင်းမျှသာ မကပါတည်း မာတာပီတ မိနှင့်ဘဟု ရှိကြသူငါ ကရုဏာထက် ပြန်ရာထောင်သောင်း မယှဉ်ကောင်း အောင် ဆပေါင်းလွှန်လေ သင်္ချေမက ကြီးကျယ် လှ၏။

၂။ မဟန္တတြာ ကရုဏာကြောင့် ပါရမီစာဂ စရိယကို ဖြည့်ရသည်မှာ တို့မြတ်စွာသည် ကိုယ်မှာအသား လှူဪြားခဲ့လေ ဥ်မြေမက သွေးတော်မှလည်း လေးဝ သမုဒြာ ရေထက်သာ၏ ရတနာမကိုင်မှု သိုက်မြိုက်

ပေါင်းလျော် ဦးခေါင်းတော်ကို တောင်းသော်ခုတ်ပိုင်း မဆုတ်ဆိုင်းပဲ လိုတိုင်းလှူရာ ပုံစုပါသော် မဟာနေရှ မြင်းမိုရ်ထုတည်း လှူပြုမျက်လုံး မိုးကြယ်ရှုံးမှု ကျင့်ထုံး စာဂီ ပါရမီဒါန တပါးမျှကို ပြေပမကုန် မြေမိုး တုန်အောင် ဗိုလ်ပုံစုပြီး လက်ဖျောက်တီး၍ အံ့ချည်း စရာ ဖြစ်ဖွယ်သာတည်း။

၃။ ပါရမီဆယ်ဆူ ဖြည့်ဟန်မူကို ကြံသူဟီချ ကြက်သီးထမျှ ကြီးလှကရုဏာ မဟန္တာကို သမ္ပဒါဟေတု အကြောင်း ပြု၍ ပေါင်းစု ကျိုးပေါ် တန်ခိုးတော်နှင့် ဉာဏ်တော် ရုပ်ဆင်း တုဘက်ကင်းလျှက် ချက်ခွင်းကိလေ သမုစ္ဆေ ဟု ခေါ်ထွေပဟာန ဤလေးဝဖြင့် ဖလသမ္ပဒါ ခြံရံ ကာလျှင် သတ္တဝါနုရင့် ထောက်မျှော်ချင့်၍ ကျွတ်ခွင့် ရှိသူ ချွတ်တော်မူလျှက် ဗိုလ်လူအနန္တ မြိုက်သုခကို ရကြကျိုးစု ကိုယ်တော် ပြုသား သတ္တုပကာရ မည်ရ သမ္ပဒါ ဂုဏ်ဖြာဖြာဖြင့် ထုံကာကြိုင်လတ် ကိုယ်တော် မြတ်၏ "စက်မှတ်စုံလင် ဖဝါးပြင်ကို" ကြည်လင် မြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား မြတ်စွာဘုရား။

## ဗုဒ္ဓခြေတော်ရာပါဒစေတီ ဘုရားရှိခိုးနှင့်ဆုတောင်း

၁။ မုနိသင်းကျစ် ဓမ္မရာဇ်၏ လွန်နှစ်သက်အပ် လျှပ်လျှပ် ပြောင်ပြောင် ခြေသည်းရောင်ကား မြားမြောင် အကု ကိလေစုကို အောင်မှုစိုက်ထူ အောင်လံဟူ၏ ရန်သူ များဖြင် ဖြိုဖျက်နိုင်သည် တို့ရှင်ဘုရား ခြေတော်များ သည် ငါ့အားအောင်ဆု ပေးစေသော်။

၂။ သူ့ချမ်းသာဆောင် မကြောက်အောင်ရွယ် စောင့် ရှောက်ကယ်၍ ဖွယ်ရာခြံရံ လျှုဒါန်ကြောင့် - ဝန်းရံပတ် လျှက် ရာရှစ်ကွက်ဖြင့် မြချက်ပုံတောင်း အကွပ်ဆောင်း၍ ထောင်ပေါင်း အကန့်ရှင်းသန့် ပြတ်သား ခြေတော်ဖဝါး၌ ကြီးမားတေဇော် စက်တော် ရတနာ လက္ခဏာဖြင့်- မကွာ ခစား ထံတော်ပါးဝယ် များသောအခြံအရံ ရှိတော်မူသော မြတ်စွာဘုရားအား ရိုသေ မြတ်နိုး ရှိခိုးပါ၏။

၃။ စကြာဝဠာပေါင်း သောင်းလောကဓါတ် ဖူးလာ လတ်သား နတ်နတ်တကာ ပြဟ္မာအားလုံး ပျားပိတုန်းတို့ စုရုံး၍ခင်လန်း စုပ်နမ်းရာလည်း ဖြစ်တော်မူသော၊ စကြာ ဝဠာ အနန္တတိုင် မွှေးကြိုင် ကောင်းမွန် လွန်သော နံ့သာ ဖြစ်တော်မူသော၊ ဘုရားစိန္တေ သီတာရေ၌ ပုံသေရောက် လတ် ကြာမြတ်ပဒုံ ခြေတော်စုံသည်၊ ဒွတ္တိံ သာကာရ

ဇေတုဠ္ဆစုတ် ကိုယ်ဟုသမုတ် အကျွန်ုပ်၏၊ ကိုယ်အင်္ဂါတွင် မြတ်ရာထားတင် ဦးထိပ်ပြင်၌၊ ဤသတ္တာဝါ ဆင်းရဲစွာကို ငါချွေချွတ်မည် မှတ်ရည်သနား ဖြစ်သောအားဖြင့် တန့်ရပ်သောထွေ တည်နေ တော်မူပါဘုရား။

၄။ စကြာခြေမွန် တင့်တယ်ဟန်ကို မိုးစွန်ဘုံဖျား သိကြားပြဟ္မာ တူရေ ရှားလည်း ဘယ်မှာတမျှ အတူရချိမ့် အသမ,သမာ သုံးလူ့ချာ၏ ရတနာလျှံဝင်း နီဆင်းစင်သန့် အကန့်တစ်ထောင် ထွန်းပြောင်သိင်္ဂါ သန္တာ အကွပ် ထိန်လျှပ် ပုံတောင်း ညိုမောင်း ကျောက်မျက် ခြေတော်စက်ကို စုံမက်မြတ်နိုး ရှိလျှင်ခိုးသည် (ကောင်းကျိုးလျှင်ဆော ရောက်စေသော်) အကျိုး ကောင်းမွန် မင်္ဂဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန် ထုတ်ချောက် ရောက်စေသော်။

၅။ သုံးလောကနတ် ခြေတော်မြတ်သည် ညီညွတ်ပေါင်းယှဉ် ခြေသည်းစဉ်ဖြင့် လှယဉ်နှစ်ဖွယ် လွန်တင့်တယ်၏၊ ဆန်းကြယ်နုယဉ် ခြေသည်းစဉ်မူ ဖိတ်စင်ရောင်ဝါ တို့ဖြင့်သာလျှင် လွန်စွာတောက်ပ တင့်တယ်လှ၏၊ ထွက်ကြွပြောင်ပြောင် ထိုအရောင်လည်း မိုက်မှောင်ဖျောက်မှု တစ်ခုကိစ္စ ရှိလေရသည် - တင့်လှ အလွန့်အလွန်တည်း။

၆။ ခြေချောင်းဆယ်ဖြာ ပွင့်ချပ်လွှာဖြင့် လွန်စွာ တင့်မော် ခြေသည်းတော်မှ ထွက်ပေါ်ရောင်လျှံ ဝတ်ဆံများစွာ အပြည့်ပါသား မြတ်ဘုရား၏ ဖဝါးခြေစုံ ကြာပဒုံကို သုံးဘုံတိုက်သား ဘယ်သူများသည်- ဦးဖျားမဆင် ရှိမည်နည်း။

၇။ မဟာဝိသယ တိလောကဌ် နရမရူ သနကုံတို့ သရဖူဦးစိုက် မကိုဋ်နဝရတ် ကျောက်စိန်ထွတ်ဖြင့် ညွတ်၍ ညွတ်၍ ဦးနှိမ် ပျော့လျှက် ညဉ့်နေ့မစဲ တရဲရဲတိ အမြဲရောင် ညို မပြတ်ထိသား နန္ဒိဝမုန သကျ မာရဇိန် စောမုနိန်၏ သီရိန္ဒာဘိ သီရိရတနာ မင်္ဂလာမျို့ပေါင်း ပုံတောင်းပြိုးပြက် ရာရှစ်ကွက်နှင့် ခွေစက်ပဝရ စရဏာဟု ပါဒနက်သန် စုံနှစ်တန်ကို ငွေဗိတာန်ကြီး ကဒဏ်ထီးသို့ မိုးပြီးဥသုံ ဘေးမျိုးလုံမှ သုံးပုံပိဋကတ် ဝါဏီမြတ်ဟု သူရဿတီ နတ်ဒေဝီလည်း ယှဉ်မှီနိစ္စ မပြတ်မ၍ ငါနှလုံးတိုက် ရွှေကြာသိုက်နှိုက် ပျော်ပိုက်စေပြီး ဂိုဏ်းကြီးအရိယာ ဂုဏ်ကိုးဖြာနှင့် သင်္ဃာပရမတ် ရှစ်ပါး နတ်ကား လောက ဓါတ် ဒိသာ ရှစ်မျက်နှာက စကြာ ဝဠာတောင်ကြီး ကာဆီး သော့ယောင် တန်ခိုးရောင်ဖြင့် ရန်မှောင်မမှောင့် တည်နေ စောင့်၍ (ချမ်းသောင့် ချမ်းသာ နေရပါလို တောင်းဆု ဆို၏။)

၈။ ခန္ဓာအိမ်ဟောင်း စွန့်ပစ်ပြောင်းလည်း ကျွန့်ခေါင်းခွံရိုး မြှုမှုန် မျိုးသို့ ပွားတိုးမသွေ ရောက်ပါစေ သားမြတ်ဘုရားကို လေးစား ကြည်ညို ယင်းကုသိုလ် ကြောင့် ထိုသို့ပြောင်းကုန် ခေါင်းမြှု မှုန်သည် ကိုးဂုဏ်သခင် မြတ်ရှင်ပင်၏ ခြေတွင်အမြဲ ငြိကပ်စွဲလျက် --- မှီဝဲဆည်းကပ် ပါစေသောဝ်။

❂ ❂ ❂ ❂ ❂ ❂

## ဗုဒ္ဓခြေတော်ရာ ပရိဘောဂ ပါဒစေတီ(ဂ)ဆူ ဘုရားရှိခိုးနှင့်ဆုတောင်း

ငါးမာရ်အောင်မြင် မြတ်စွာဘုရားရှင်သည်-

၁။ "ဒေါဏပုဏ္ဏားကြီး မြင်တွေ့စေရန်" ဥက္ကဋ္ဌ မြို့နှင့် သေတဗျ မြို့တို့၏အကြား လမ်းခရီး အရပ်ဌာနၷ် အဓိဋ္ဌာန်ဖြင့် ပြအပ်ချထားအပ်သော တစ်ထောင်သော အကန့်အကွက် အကွပ်တကူ ပုံတောင်း အချက်နှင့်တကွ ခပ်သိမ်းသော အချင်းအရာတို့နှင့် ပြည့်စုံသော (၁၀၈) ကွက် စက်လက္ခဏာ အမှတ်အသား ပါရှိသော ခြေတော်ရာ ပါဒစေတီကို သုံးပါးမွန်စွာ ဝန္ဒနာနှင့် သဒ္ဓါဖြိုးဖြိုး

ကျွန်ရှိခိုးသည် ကောင်း ကျိုးခပ်သိမ်း ကြွယ်စေသော်။

၂။ "မာဂဏ္ဍီပုဏ္ဏား ဇနီးမောင်နှံတို့ မြင်တွေ့စေ ရန်" ကမ္မာသဒမ္မ နိဂုံးရွာကြီးနှင့် တောအုပ်အကြား လမ်းခရီး အရပ် ၌ာနှ၌ အမိဋ္ဌာန်ဖြင့် ပြအပ်ချထား အပ်သော တစ်ထောင်သော အကန့်အကွက် အကွပ် တကူ ပုံတောင်း အချက်နှင့်တကွ ခပ်သိမ်းသော အချင်းအရာတို့နှင့် ပြည်စုံ သော (၁၀၈)ကွက် စက် လက္ခဏာအမှတ်အသား ပါရှိ သော ခြေတော်ရာပါဒ စေတီကို သုံးပါးမွန်စွာ ဝန္ဒနာနှင့် သဒ္ဓါဖြိုးဖြိုး ကျွန်ရှိခိုးသည် ကောင်းကျိုးခပ်သိမ်း ကြွယ်စေသော်။

၃။ "ကုက္ကုဋမိတ္တ မုဆိုးသားအဖတို့ မြင်တွေ့စေ ရန်" ရာဇဂြိုဟ် မြို့အနီး တောအတွင်း၌ ထောင်ထား အပ်သော ကျော့ကွင်းအနီး အရပ်၌ာနှ၌ အမိဋ္ဌာန်ဖြင့် ပြအပ် ချထား အပ်သော တစ်ထောင်သော အကန့် အကွက် အကွပ် တကူ၊ ပုံတောင်းအချက်နှင့်တကွ ခပ်သိမ်းသော အချင်း အရာတို့နှင့် ပြည့်စုံသော (၁၀၈) ကွက် စက်လက္ခဏာ အမှတ်အသား ပါရှိသော ခြေတော်ရာ ပါဒစေတီကို သုံးပါး မွန်စွာ ဝန္ဒနာနှင့် သဒ္ဓါဖြိုးဖြိုး ကျွန်ရှိခိုးသည် ကောင်းကျိုး ခပ်သိမ်း ကြွယ်စေသော်။

၄။ "အဇိတ-စသော ရသေ့တို့ မြင်တွေ့စေရန်" သာဝတ္ထိပြည် ဇေတဝန် ကျောင်းတိုက်အတွင်း ဂန္ဓကုဋီ ကျောင်းအနီး အရပ်ဌာန၌ အမိဌာန်ဖြင့် ပြအပ်ချထား အပ်သော တစ်ထောင်သော အကန့်အကွက် အကွပ် တကူ ပုံတောင်းအချက်နှင့်တကွ ခပ်သိမ်းသော အချင်းအရာ တို့နှင့် ပြည့်စုံသော (၁၀၈)ကွက် စက်လက္ခဏာ အမှတ် အသား ပါရှိသော ခြေတော်ရာ ပါဒစေတီကို သုံးပါးမွန်စွာ ဝန္ဒနာနှင့် သဒ္ဓါဖြိုးဖြိုး ကျွန်ုပ်ရှိခိုးသည် ကောင်းကျိုး ခပ်သိမ်း ကြွယ်စေသော်။

၅။ "အရှင်သာရိပုတြာမထေရ် မြင်တွေ့စေရန်" ဟိမဝန္တာရှိ တစ်ခုသော တောင်ဝှမ်းအတွင်း အရပ်ဌာန ၌ အမိဌာန်ဖြင့် ပြအပ်ချထားအပ်သော တစ်ထောင်သော အကန့်အကွက် အကွပ်တကူ ပုံတောင်း အချက်နှင့်တကွ ခပ်သိမ်းသော အခြင်းအရာတို့နှင့် ပြည့်စုံသော (၁၀၈) ကွက် စက်လက္ခဏာ အမှတ် အသား ပါရှိသော ခြေတော် ရာ ပါဒစေတီတော်ကို သုံးပါးမွန်စွာ ဝန္ဒနာနှင့် သဒ္ဓါဖြိုးဖြိုး ကျွန်ုပ်ရှိခိုးသည် ကောင်းကျိုးခပ်သိမ်း ကြွယ်စေသော်။

၆။ "သုမနနတ်မင်း၏ တောင်းပန်ချက်အရ" သီဟိုဠ်ကျွန်း သမန္တကူဋ သုမနတောင်ပေါ် အရပ်ဌာန ၌ အမိဋ္ဌာန်ဖြင့် ပြအပ် ချထားအပ်သော တစ်ထောင်သော အကန့်အကွက် အကွပ်တကူ ပုံတောင်းအချက် နှင့်တကွ ခပ်သိမ်းသော အချင်းအရာတို့နှင့် ပြည့်စုံသော (၁၀၈)ကွက် စက်လက္ခဏာ အမှတ်အသား ပါရှိသော ခြေတော်ရာပါဒ စေတီကို သုံးပါးမွန်စွာ ဝန္ဒနာနှင့် သဒ္ဓါ ဖြိုးဖြိုး ကျွန်ရှိခိုး သည် ကောင်းကျိုး ခပ်သိမ်း ကြွယ်စေသော်။

၇။ "နမ္မဒါနဂါးမင်း၏တောင်းပန်ချက်အရ" သုနာပရန္တတိုင်း နမ္မဒါ မြစ်ကမ်း နားအရပ်ဌာန၌ အမိဋ္ဌာန်ဖြင့် ပြအပ် ချထားအပ်သော တစ်ထောင်သော အကန့်အကွက် အကွပ် တကူ ပုံတောင်း အချက်နှင့်တကွ ခပ်သိမ်းသော အချင်းအရာ တို့နှင့် ပြည့်စုံသော (၁၀၈)ကွက် စက်လက္ခဏာ အမှတ် အသားပါရှိသော ခြေတော်ရာ ပါဒစေတီကို သုံးပါးမွန်စွာ ဝန္ဒနာနှင့် သဒ္ဓါဖြိုးဖြိုး ကျွန်ရှိခိုးသည် ကောင်းကျိုးခပ်သိမ်း ကြွယ်စေသော်။

၈။ "သစ္စဗန္ဓရဟန္တာမထေရ်၏ တောင်းပန်ချက် အရ" သစ္စဗန္ဓ တောင်ပေါ်အရပ်ဌာန ကျောက်ဖျာ၌ အမိဋ္ဌာန် ဖြင့် ပြအပ် ချထားသော တစ်ထောင်သော အကန့်အကွက် အကွပ်တကူ ပုံတောင်းအချက်နှင့် တကွ ခပ်သိမ်းသော

အခြင်းအရာတို့နှင့် ပြည့်စုံသော (၁၀၈)ကွက် စက်လက္ခဏာ အမှတ်အသားပါရှိသော ခြေတော်ရာ ပါဒစေတီတော်ကို သုံးပါးမွန်စွာ ဝန္ဒနာနှင့် သဒ္ဓါဖြိုးဖြိုး ကျွန်ရှိခိုးသည် ကောင်းကျိုးခပ်သိမ်း ကြွယ်စေသော်။

## ဗုဒ္ဓခြေတော်ရာ ပဒစေတီ(၃)မျိုး

## ဘုရားရှိခိုး သစ္စာပြုဂါထာ

စက္ကပါဒေစ ဗုဒ္ဓဿ၊ အဋ္ဌုတ္တရသတ လက္ခဏံ။<br>
ဥဒ္ဒိဿကေ ဗုဒ္ဓပါဒေ၊ တီဏိ ဝန္ဒာမိ အာဒရံ။<br>
ဧတေန သစ္စဝဇ္ဇေန၊ ဂမနံ မေ သမိဇ္ဈတု။

### ၁။ သဏ္ဍိဝ ပဒစေတီ

၁။ သက်တော်ထင်ရှား မြတ်စွာဘုရား၏ စက္ကေန ကီတပါဒ လက္ခဏာဖြစ်သော တစ်ထောင်သော အကန့်အကွက် အကွပ်တကူ ပုံတောင်း အချက်နှင့်တကွ ခပ်သိမ်းသော အခြင်းအရာတို့နှင့် ပြည့်စုံသော (၁၀၈) ကွက် စက်လက္ခဏာ အမှတ်အသား ပါရှိသော နှစ်ဖက်သော "ခြေဖဝါး, ခြေတော်အစုံကြာပဒုံ သဏ္ဍိဝပဒစေတီ"တို့ ကိုရှင်း။

## ၂။ ပရိဘောဂ ပဒစေတီ

၂။ ငါးမာရ်အောင်မြင် မြတ်စွာဘုရားရှင်သည် -

(၁)ဒေါဏပုဏ္ဏားကြီး မြင်တွေ့စေရန် ဥက္ကဋ္ဌမြို့နှင့် သေတဗျမြို့တို့၏ အကြား လမ်းခရီးအရပ်၌ခြေတော်ရာ နှစ်ဆူမြဲကြပ်ထုထားတော်မူခဲ့၏ ---

(၁)ဒေါဏပုဏ္ဏားကြီး မြင်တွေ့စေရန် ဥက္ကဋ္ဌမြို့နှင့် သေတဗျမြို့တို့၏ အကြား လမ်းခရီးအရပ်၌ဌာနန္ဒဗွင်း၊

(၂) မာဂဏ္ဍီပုဏ္ဏားဇနီးမောင်နှံတို့ မြင်တွေ့စေရန် ကမ္မာသဒမ္မ နိဂုမ်း ရွာကြီးနှင့် တောအုပ်အကြား လမ်းခရီး အရပ်၌ဌာနန္ဒဗွင်း၊

(၃) ကုက္ကုဋမိတ္တ မုဆိုးသားအဖတို့ မြင်တွေ့စေရန် ရာဇဂြိုဟ် မြို့အနီး တောအုပ်အတွင်း၌ ထောင်ထား အပ်သော ကျော့ကွင်းအနီး အရပ်၌ဌာနန္ဒဗွင်း၊

(၄) အဇိတစသော ရသေ့တို့မြင်တွေ့စေရန် သာဝတ္ထိ ပြည် ဇေတဝန် ကျောင်းတိုက်အတွင်း ဂန္ဓကုဋီကျောင်း အနီး အရပ်၌ဌာနန္ဒဗွင်း၊

(၅) အရှင်သာရိပုတြာမထေရ် မြင်တွေ့စေရန် ဟိမ ဝန္တာရှိ တစ်ခုသော တောင်ဝှမ်းအတွင်း အရပ်၌ဌာနန္ဒ ဗွင်း၊

(၆) သုမနနတ်မင်း၏ တောင်းပန်ချက်အရ သီဟိုဠ်ကျွန်း သမန္တကူဋ သုမန တောင်ပေါ် အရပ်၌ဌာနန္ဒဗွင်း၊

(၇) နမ္မဒါနဂါးမင်း၏ တောင်းပန်ချက်အရ သုနာပရန္တတိုင်း နမ္မဒါ မြစ်ကမ်းနား အရပ်၌ဌာနန္ဒဗွင်း၊

(၈) သစ္စဗန္ဓ ရဟန္တာမထေရ်၏ တောင်းပန်ချက်အရ သစ္စဗန္ဓတောင်ပေါ် အရပ်ဌာန ကျောက်ဖျာပေါ်၌ရှင်း၊

ဤအရပ်(၈)ဌာနတို့၌ အမိဋ္ဌာန်ဖြင့် ပြအပ်ချထားအပ်သော နေရာ၌ ထင်ကျန်ရစ်သော တစ်ထောင်သော အကန့်,အကွက်-အကွပ်,တကူ-ပုံ တောင်း အချက်နှင့်တကွ ခပ်သိမ်းသော အခြင်း အရာတို့နှင့် ပြည့်စုံသော (၁၀၈)ကွက် စက်လက္ခဏာ အမှတ်အသား ပါရှိသော "ခြေတော်ရာ-ပရိဘောဂ ပဒစေတီ" တို့ကိုရှင်း။

## ၃။ ဥဒ္ဒိဿက ပဒစေတီ

၃။ ထိုစက္ကေနင်္ကိတ ပါဒလက္ခဏာ, သဇီဝပဒ စေတီ, ပရိဘောဂ ပဒစေတီ,ဖြစ်သော မြတ်စွာဘုရားရှင်၏ မူလခြေတော် ရာတို့ကို ရည်မှန်းသမူ အကြောင်းပြု၍ တူနိုင်သမျှတူအောင် စက္ကူတစ်ထွေ အင်္ဂတေနှင့် မသွေ အုတ်ခွက် တချက်ပလာစတာ သဲကျောက်ဖျာတည့် တဖြာစကျင် ကျောက်ကိုဆင်လျှက် ပေါ်လွင်စေခြား သစ်သားများနှင့် တပါးအဝတ်တထည် ယွန်းကို ချယ်လျှက် တသွယ်ဖန်သား ပြဒါးများတည့် ကြေးပြားငွေပြား ရွှေသားတို့ဖြင့် ကောင်းစွာထွင်းထု သွင်းပြုလုပ်လျက်

ပူဇော် ထားသော အရပ်ဒေသ ဟူသမျှရှိ "ဗုဒ္ဓခြေတော်ရာပွါး ဥဒ္ဒိဿက ပဒစေတီ" များကိုဂင်း၊ ဘုရားတပည့်တော်သည် ဦးခေါင်း ရတနာ မြတ်အင်္ဂါဖြင့် ရိုသေလှစွာ သဒ္ဓါမြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ မြတ်စွာဘုရား မြတ်စွာဘုရား။

## သစ္စာပြုဆုတောင်းခြင်း

ဤသို့လျှင် ဘုရားရှင်၏ သဇီဝပဒစေတီ ပရိဘောဂ ပဒစေတီ ဥဒ္ဒိဿက ပဒစေတီအားဖြင့် ဗုဒ္ဓခြေတော် ရာ ပဒစေတီ သုံးမျိုးတို့ကို ကောင်းစွာယခု ရှိခိုးမှုပြုရသော, ပဏာမစေတနာ, ကုသိုလ် မင်္ဂလာကြောင့် ပကတိခရီး, ဘဝခရီး, သံသရာခရီး,တို့သို့ သွားလာ ရာတွင် ဘေးရန်စဉ်လျက် ကုသိုလ်ဆန္ဒ ဟူသမျှတို့ ပြည့်ဝပါစေ တောင်းဆုချွေ၏၊ မသွေအမှန် မင်္ဂဖိုလ် ဉာဏ်ဖြင့် ဘေးရန်ကင်းငြား နိဗ္ဗာန်တရားကို မျက် မှောက်ပြုရန် တောင်းဆု ပန်သည် ကေန်မုချ ပြည့်စေသော်။

## (၁၀၈)ကွက် စက်လက္ခဏာ ခြေတော်ရာ
## ဘုရားရှိခိုး လင်္ကာကြီး

အတိုင်းမသိ၊ ကျေးဇူးရှိသား၊ မုနိသကျ၊ ဂေါတမ၏၊ ပါဒမြတ်ကျော်၊ ဖဝါးတော်၌၊ ထွန်းပေါ်ကျစ်လစ်၊ တရာ့ရှစ်ကို၊ စိစစ်လျှင်ထွေ၊ လျှင်းလျှင်းရေပိမ့်၊ ချီလေအစ --- (၁-၂)လှံမ, အိမ်မွန်၊ (၃)သုံးတန် ပွင့်ချပ်၊ ဇလပ်သဏ္ဍာန်, ကလာပ်ဟန်နှယ်၊ (၄)လည်ရေးသုံးဆင့်၊ (၅) လှုတင့်ထွန်းတောက်၊ ဦးဆောက်ပန်းက၊ (၆)စွမ်းထ ယောကျာ်း တစ်ဦး သားကို ထမ်းထားသည့်သွင်၊ (၇)အင်းပျဉ်ဝန်းနှင့်၊ (၈-၉) ချွန်းတောင်း,ပြာသာဒ်၊ (၁၀)အထွတ်မြင့်ခိုင်၊ တံခါးတိုင်က၊ (၁၁-၁၂)ဖြူဆွပြိုးပြက်၊ ထီး, သန်လျက် နှင့်၊ (၁၃)ထန်းရွက် ယပ်ဝန်း၊(၁၄)ရွှန်းရွှန်း ရောင်မောင်း၊ ဥဒေါင်းမြီးယပ်၊ (၁၅)သင်းကျပ်ရွှေပြား၊ (၁၆)ပတ္တမြားကျောက်မျက်၊ (၁၇) စားခွက် ရောင်ပြေး၊ (၁၈) မုလေးပန်း ဆိုင်း၊ (၁၉-၂၃)တုနှိုင်း မရ၊ ပွင့်လှ အပြား၊ ငါးပါးကြာမျိုး၊ (၂၄) ပြည့်သည့်အိုးနှင့်၊ (၂၅)ပြည့်ဖြိုးဖလား၊ (၂၆)ရေခြားသမုဒ္ဒါ၊ (၂၇)စကြာဝဠာ တောင်မွန်၊ (၂၈)ဟိမဝနတောချောင်၊ (၂၉)မြင်းမိုရ် တောင်နှင့်၊ (၃၀-၃၁)ထွန်းပြောင်နေ,လ၊ (၃၂) နက္ခတ္တက၊

(၃၃-၃၆) ဒီပလေးသွယ်၊ ကျွန်းငယ်ရံဆောင်၊ (၃၇)ဘုန်းခေါင်စကြာမင်း၊ (၃၈)ခရုသင်းဖြူ နစ်၊ ဗေွရစ်လကျ်ာ၊ (၃၉)ရွှေဝါအဆင်း၊ ငါးမင်း စုံလျှက်၊(၄၀)လက်နက်စက်က၊

(၄၁-၄၇)ရေတွက်သချာ၊ ဂင်္ဂါခုနစ်တန်၊ (၄၈-၅၄) တောင်ရံခုနစ်လုံး၊ (၅၅-၆၁) အိုင်ထုံးခုနစ်ကွက်၊ (၆၂)ငှက် ဂဠုန်မင်း၊ (၆၃) မြစ်တွင်းကိန်းအောင်း၊ မိကျောင်းရေသား၊ (၆၄)တံခွန်လျားနှင့်၊ (၆၅)ကုက္ကားတံခွန်၊ (၆၆)မင်းတန်သံလျင်း၊ (၆၇)အဆင်းရွှေလား၊ သားမြီး လေဆောင်၊ (၆၈)ငွေတောင် ကေလာသ၊ (၆၉-၇၀)သီဟ,ဗျဂ္ဃ၊ (၇၁)ဝလာဟမြင်း၊ (၇၂)ဆင်မင်း မြတ်စွာ၊ ဥပေါသထာယာဉ်မွန်၊ ဆဒ္ဒန်တူပြိုင်၊ (၇၃)ဗာသုကီမည်ရင်း၊ နဂါးမင်းနှင့်၊ (၇၄)ဟသ်ာ ရွှေလား၊ (၇၅)နွားဥသဘမွန်၊ (၇၆)ရောဝဏ် တခဏ်း၊ (၇၇)ရွှေမကန်းတထွေ၊ (၇၈) ရွှေလှေလျှံဝါ၊ (၇၉) ပြဟ္မာထွတ်ဖျား၊ (၈၀) သားနှင့်တကွ၊ နွားမနို့ညစ်၊ (၈၁) အချစ်မြဲစွာ၊ ကိန္နရာ ဖို,မ၊ (၈၂)သဒ္ဒမဆိတ်၊ ကရဝိတ်တွန်ညောင်း၊ (၈၃-၈၄)ဥဒေါင်း,ကြိုးကြာ၊ (၈၅) သံသာစက္ကဝါက်၊ (၈၆) စုံလျှက်ဇီဝဇိုဝ်း၊ (၈၇-၉၂) မိုးဝဘုံသာ၊ ဆကာမာနှင့်၊ (၉၃-၁၀၈) ပြဟ္မာဘုံရပ်၊ ဆယ့်ခြောက်ထပ်လည်း၊ ယှဉ်စပ်မကင်း၊ ခပင်းများစွာ၊ ရံစကာနှင့်၊

စကြာခြေမွန်၊ တင့်တယ်ဟန်ကို၊ မိုးစွန်ဘုံဖျား၊ သိကြား ဖြဟ္မာ၊ တူရေးလှာလည်း၊ ဘယ်မှာတမျှ၊ အတူရချိမ့်၊ အသမ,သမာ၊ သုံးလူ့ချာ၏၊ ရတနာလျှံဝင်း၊ နီဆင်းစင်သန့်၊ အကန့်တထောင်၊ ထွန်းပြောင်သိင်္ဂါ၊ သန္တာအကွပ်၊ ထိန်လျှပ်ပုံတောင်း၊ ညိုမောင်း ကျောက်မျက်၊ ခြေတော် စက်ကို၊ စုံမက်မြတ်နိုး၊ ရှိလျှင်ခိုးသည်၊ (ကောင်းကျိုးလျှင် ဆော ရောက် စေသောဝ်) အကျိုး ကောင်းမွန်၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ထုတ်ချောက်၊ ရောက်စေသောဝ်၊

*(တောင်ခွင်သာသနာပိုင်မူ)*

❁ ❁ ❁ ❁ ❁ ❁

## ခြေတော်ရာပုတီးစိပ်နည်းနှင့် အကျိုးများ

(၁၀၈)ကွက် ဗုဒ္ဓစက်လက္ခဏာကို (၁၀၈)လုံး ပါရှိသော ပုတီးကုံးဖြင့် စိပ်လိုပါလျှင် အောက်ပါအတိုင်း ပါဠိဘာသာဖြင့် ဖြစ်စေ၊ မြန်မာဘာသာဖြင့်ဖြစ်စေ ရွတ်ဆို လျှက် စိပ်နိုင်ပါသည်။ သမာဓိရလွယ်သော ပုတီးစိပ်နည်း ဖြစ်ပါသည်။

## (၁၀၈)ကွက် စက်လက္ခဏာတော်များ

မြတ်စွာဘုရားရှင်၏ နှစ်ဘက်သောခြေဖဝါးတော် အပြင်တို့၌ တစ်ထောင်သောအကန့်အကွက် အကွပ် တံကူ ပုံတောင်း အချက်နှင့်တကွ ခပ်သိမ်းသော အချင်း အရာတို့နှင့် ပြည့်စုံသော (၁၀၈)ကွက် စက် လက္ခဏာ မင်္ဂလာအမှတ်အသားများ ဖြစ်ကြကုန်သော

၁။ သတ္တိ,လက္ခဏာ=လှံမပုံ

၂။ သိရိဝစ္ဆ,လက္ခဏာ=အိမ်မွန်ပုံ

၃။ နန္ဒိယာဝဋ္ဋ,လက္ခဏာ=ဇလပ်ပန်းသဏ္ဌာန်ကလာပ်ပုံ

၄။ သောဝတ္တိက,လက္ခဏာ=လည်ရေးသုံးဆင့်ပုံ

၅။ ဝဋံသက,လက္ခဏာ=ဦးဆောက်ပန်းပုံ

၆။ ဝဍ္ဍမာနက,လက္ခဏာ=ယောကျ်ားတဦးက အခြားတဦးကိုထမ်းသည့်ပုံ

၇။ ဘဒ္ဒပီဌ,လက္ခဏာ=အင်းပျဉ်ပုံ (ရွှေသလွန်)

၈။ အင်္ကုသ,လက္ခဏာ=ချွန်းတောင်းပုံ

၉။ ပါသာဒ,လက္ခဏာ=ပြာသာဒ်ပုံ

၁၀။ တောရဏ,လက္ခဏာ=တံခါးတိုင်ပုံ

၁၁။ သေတစ္ဆတ္တ,လက္ခဏာ=ထီးဖြူပုံ

၁၂။ ခဂ္ဂ,လက္ခဏာ=သန်လျက်ပုံ

၁၃။ တာလဝဏ္ဋ,လက္ခဏာ=ထန်းရွက်ယပ်ဝန်းပုံ

၁၄။ မယူရဟတ္ထ,လက္ခဏာ=ဥဒေါင်းမြီးယပ်ပုံ

၁၅။ ဥဏှီသ,လက္ခဏာ=သင်းကျစ်ပုံ

၁၆။ မဏိ,လက္ခဏာ=ပတ္တမြားပုံ

၁၇။ ပတ္တ,လက္ခဏာ=သပိတ်ပုံ

၁၈။ သုမနဒါမ,လက္ခဏာ=မြတ်လေးပန်းဆိုင်းပုံ

၁၉။ နီလုပ္ပလ,လက္ခဏာ=ကြာညိုပုံ (ကြာပြာ)

၂၀။ ရတ္တုပ္ပလ,လက္ခဏာ=ကြာနီပုံ

၂၁။ သေတုပ္ပလ,လက္ခဏာ=ကြာဖြူပုံ

၂၂။ ပဒုမ,လက္ခဏာ=ပဒုမ္မာကြာပုံ

၂၃။ ပုဏ္ဍရိက,လက္ခဏာ=ပုဏ္ဍရိက်ကြာပုံ

၂၄။ ပုဏ္ဏဃဋ,လက္ခဏာ=ရေပြည့်အိုးပုံ

၂၅။ ပုဏ္ဏပါတိ,လက္ခဏာ=ရေပြည့်ဖလားပုံ

၂၆။ သမုဒ္ဒ,လက္ခဏာ=မဟာသမုဒ္ဒရာပုံ

၂၇။ စက္ကဝါဠပဗ္ဗတ,လက္ခဏာ=စကြဝဠာတောင်ပုံ

၂၈။ ဟိမဝန္တပဗ္ဗတ,လက္ခဏာ=ဟိမဝန္တာတောင်ပုံ

၂၉။ မေရုပဗ္ဗတ,လက္ခဏာ=မြင်းမိုရ်တောင်ပုံ

၃၀။ သူရိယမဏ္ဍလ,လက္ခဏာ=နေဝန်းပုံ

၃၁။ စန္ဒမဏ္ဍလ,လက္ခဏာ=လဝန်းပုံ

၃၂။ နက္ခတ္တာနိ,လက္ခဏာ=နက္ခတ်တာရာများပုံ
၃၃။ ပုဗ္ဗဝိဒေဟ,လက္ခဏာ=အရှေ့ကျွန်းပုံ
၃၄။ အပရဂေါယာန,လက္ခဏာ=အနောက်ကျွန်းပုံ
၃၅။ ဥတ္တရကုရု,လက္ခဏာ=မြောက်ကျွန်းပုံ
၃၆။ ဇမ္ဗုဒီပ,လက္ခဏာ=ဇမ္ဗူဒိပ်(တောင်)ကျွန်းပုံ
၃၇။ စက္ကဝတ္တိ,လက္ခဏာ=စကြဝတေးမင်းပုံ
၃၈။ သေတသခ်,လက္ခဏာ=လက်ယာရစ်ခရုသင်းဖြူပုံ
၃၉။ မစ္ဆယုဂဠ,လက္ခဏာ=ငါးကြင်းအစုံပုံ
၄၀။ စက္ကာဝုဓ,လက္ခဏာ=စက်လက်နက်ပုံ
၄၁။ လဝဏသီဒါ,လက္ခဏာ=ဆားငံ သမုဒ္ဒရာပုံ
၄၂။ ဥစ္ဆုသီဒါ,လက္ခဏာ=ကြံရည်အဆင်းရှိသော
သမုဒ္ဒရာပုံ
၄၃။ သုရာသီဒါ,လက္ခဏာ=သေရည် အဆင်းရှိသော
သမုဒ္ဒရာပုံ
၄၄။ သာမိသီဒါ,လက္ခဏာ=အမှုခပ်သိမ်းပြီးစေသော
သမုဒ္ဒရာပုံ
၄၅။ ဒမိသီဒါ,လက္ခဏာ=နို့ဓမ်း အဆင်းရှိသော
သမုဒ္ဒရာပုံ
၄၆။ ဒုဒ္ဓသီဒါ,လက္ခဏာ=နို့ရည်အဆင်းရှိသော
သမုဒ္ဒရာပုံ

၄၇။ ဇလသီဒါ,လက္ခဏာ=ရေချို့ သမုဒ္ဒရာပုံ

၄၈။ ယုဂန္ဓရ,လက္ခဏာ=ယုဂန္ဓရတောင်ပုံ

၄၉။ ဣသဓရ,လက္ခဏာ=ဣသဓရတောင်ပုံ

၅၀။ ကရဝိက,လက္ခဏာ=ကရဝိကတောင်ပုံ

၅၁။ သုဒဿန,လက္ခဏာ=သုဒဿနတောင်ပုံ

၅၂။ နေမိန္ဓရ,လက္ခဏာ=နေမိန္ဓရတောင်ပုံ

၅၃။ ဝိနတက,လက္ခဏာ=ဝိနတကတောင်ပုံ

၅၄။ အဿကဏ္ဏလက္ခဏာ=အဿကဏ္ဏတောင်င်ပုံ

၅၅။ အနောတတ္တ,လက္ခဏာ=အနောတတ္တရေအိုင်ပုံ

၅၆။ ကဏ္ဏမုဏ္ဍ,လက္ခဏာ=ကဏ္ဏမုဏ္ဍရေအိုင်ပုံ

၅၇။ ရထကာရ,လက္ခဏာ=ရထကာရရေအိုင်ပုံ

၅၈။ ဆဒ္ဒန္တ,လက္ခဏာ=ဆဒ္ဒန္တရေအိုင်ပုံ

၅၉။ ကုဏာလ,လက္ခဏာ=ကုဏာလရေအိုင်ပုံ

၆၀။ မဏ္ဍကိနီ,လက္ခဏာ=မဏ္ဍကိနီရေအိုင်ပုံ

၆၁။ သီဟပ္ပပါတ,လက္ခဏာ=သီဟပ္ပပါတရေအိုင်ပုံ

၆၂။ သုပဏ္ဏရာဇာ,လက္ခဏာ=ဂဠုန်မင်းပုံ

၆၃။ သံသုမာရ,လက္ခဏာ=မိကျောင်းမင်းပုံ

၆၄။ ဓဇ,လက္ခဏာ=တံခွန်လျှားပုံ

၆၅။ ပဋာကာ,လက္ခဏာ=တံခွန်ကုက္ကားပုံ

၆၆။ သုဝဏ္ဏသိဝိကာ,လက္ခဏာ=ရတနာသံလျင်းပုံ

၆၇။ သုဝဏ္ဏဝါဠဗီဇနီ,လက္ခဏာ=ရွှေစာမရီသားမြီးယပ်ပုံ

၆၈။ ကေလာသပဗ္ဗတ,လက္ခဏာ=ကေလာသငွေတောင်ပုံ

၆၉။ သီဟရာဇာ,လက္ခဏာ=ခြင်္သေ့မင်းပုံ

၇၀။ ဗျဂ္ဃရာဇာ,လက္ခဏာ=ကျားမင်းပုံ

၇၁။ ဝလာဟကအဿရာဇာ,လက္ခဏာ =ဝလာဟက
မြင်းမင်းပုံ

၇၂။ ဥပေါသထ ဆဒ္ဒန္တဟတ္ထိရာဇာ,လက္ခဏာ=
ဥပေါသထဆဒ္ဒန္တဆင်မင်းပုံ

၇၃။ ဗာသုကိနာဂရာဇာ,လက္ခဏာ= ဗာသုကိ
နဂါးမင်းပုံ

၇၄။ ဟံသရာဇာလက္ခဏာ=ဟင်္သာမင်းပုံ

၇၅။ ဥသဘရာဇာ,လက္ခဏာ=ဥသဘနွားမင်းပုံ

၇၆။ ဧရာဝဏဟတ္ထိရာဇာ,လက္ခဏာ=ဧရာဝဏ်ဆင်မင်းပုံ

၇၇။ သုဝဏ္ဏကာရ,လက္ခဏာ=ရွှေမကာရ်းပုံ

၇၈။ သုဝဏ္ဏနာဝါ,လက္ခဏာ=မုခ်ထွင့်လေးခုရှိသော
ရွှေလှေပုံ

၇၉။ ဗြဟ္မရာဇာ,လက္ခဏာ=ဗြဟ္မာမင်းပုံ

၈၀။ သဝစ္ဆကာဓေနု,လက္ခဏာ=နွားသားအမိပုံ

၈၁။ ကိံပုရိသ ကိံပုရိသီ,လက္ခဏာ=ကိန္နရာအဖို့ အမပုံ

၈၂။ ကရဝိက,လက္ခဏာ=ကရဝိက်ငှက်မင်းပုံ

၈၃။ မယူရရာဇာ,လက္ခဏာ=ဥဒေါင်းမင်းပုံ

၈၄။ ကောဉ္စရာဇာ,လက္ခဏာ=ကြိုးကြားငှက်မင်းပုံ

၈၅။ စက္ကဝါကရာဇာ,လက္ခဏာ=စက္ကဝါက်ငှက်မင်းပုံ

၈၆။ ဇီဝဉ္ဇီဝကရာဇာ,လက္ခဏာ=ဇီဝဇိုဝ်းငှက်မင်းပုံ

၈၇။ စာတုမဟာရာဇိကာ,လက္ခဏာ=စာတုမဟာရာဇ်
နတ်ဘုံ

၈၈၊ တာဝတိံသာ,လက္ခဏာ=တာဝတသာနတ်ဘုံ

၈၉။ ယာမာ,လက္ခဏာ=ယာမာနတ်ဘုံ

၉၀။ တုသိတာ,လက္ခဏာ=တုသိတာနတ်ဘုံ

၉၁။ နိမ္မာနရတိ,လက္ခဏာ=နိမ္မာနရတိနတ်ဘုံ

၉၂။ ပရနိမ္မိတဝသဝတ္တိ,လက္ခဏာ=ပရနိမ္မိတဝသဝတ္တိ
နတ်ဘုံ

၉၃။ ဗြဟ္မပါရိသဇ္ဇာ,လက္ခဏာ=ပါရိသဇ္ဇာဗြဟ္မာဘုံ

၉၄။ ဗြဟ္မပုရောဟိတာ,လက္ခဏာ=ပုရောဟိတဗြဟ္မာဘုံ

၉၅။ မဟာဗြဟ္မာ,လက္ခဏာ=မဟာဗြဟ္မာဘုံ

၉၆။ ပရိတ္တာဘာ,လက္ခဏာ=ပရိတ္တာဘာဗြဟ္မာဘုံ

၉၇။ အပ္ပမာဏာဘာ,လက္ခဏာ=အပ္ပမာဏာဘာဗြဟ္မာဘုံ

၉၈။ အာဘဿရာ,လက္ခဏာ=အာဘဿရာပြဟ္မာဘုံ

၉၉။ ပရိတ္တသုဘာ,လက္ခဏာ =ပရိတ္တသုဘာပြဟ္မာဘုံ

၁၀၀။ အပ္ပမာဏသုဘာ,လက္ခဏာ =အပ္ပမာဏသုဘာ ပြဟ္မာဘုံ

၁၀၁။ သုဘကိဏှာ,လက္ခဏာ=သုဘကိဏှာပြဟ္မာဘုံ

၁၀၂။ ဝေဟပ္ဖလာ,လက္ခဏာ=ဝေဟပ္ဖလာပြဟ္မာဘုံ

၁၀၃။အသညသတ္တာ,လက္ခဏာ=အသညသတ္တာပြဟ္မာဘုံ

၁၀၄။ အဝိဟာ,လက္ခဏာ=အဝိဟာပြဟ္မာဘုံ

၁၀၅။ အတပ္ပါ,လက္ခဏာ=အတပ္ပါပြဟ္မာဘုံ

၁၀၆။ သုဒဿါ,လက္ခဏာ=သုဒဿာပြဟ္မာဘုံ

၁၀၇။ သုဒဿီ,လက္ခဏာ=သုဒဿီ ပြဟ္မာဘုံ

၁၀၈။ အကနိဋ္ဌာ,လက္ခဏာ=အကနိဋ္ဌာပြဟ္မာဘုံ တို့ ရှိကြပါပေ ကုန်သည်တကား။

## စက်လက္ခဏာ ပူတီးစိပ်ခြင်း အကျိုးများ

ဆိုခဲ့ပြီးသည့်အတိုင်း စက်လက္ခဏာတို့ကို ရွတ်ဆို ပုတီးစိပ်သော သူသည်-

၁။ အခြံအရံပရိသတ်ပေါများခြင်း

၂။ ခရီးသွားလာရာ၌ ဘေးရန်အန္တရာယ်ကင်းခြင်း

၃။ ဂြိုဟ်စီးဂြိုဟ်နင်း အတိုက်အခိုက်ဆိုးများ၊ အန္တရာယ် ဆိုးများ ပြေပျောက် စေခြင်း

၄။ စက်လက္ခဏာတို့ကို ကျက်မှတ်ရွတ်ဆို ပွားများ ပုတီးစိပ်စဉ် စကြာဝတေး မင်းကဲ့သို့ ဟိတ်ဟန်တို့ ပြည့်စုံစေခြင်း

၅။ စက်လက္ခဏာ တစ်ကွက်စီမှာရှိသော သိဒ္ဓိဓါတ်များ ရရှိစေနိုင်ခြင်း

၆။ စက်လက္ခဏာကို ရွတ်ဆို ကျင့်ကြံ ပူဇော်သူများအား ခြေတော်ရာစက်ကို စောင့်ရှောက်သော နတ်နဂါး များက ကြည့်ရှု စောင့်ရှောက်ခြင်း

၇။ အပါယ်လေးပါး မကျနိုင်ခြင်း

၈။ နိဗ္ဗာန်သို့မရောက်မီ လူ့ပြည် နတ်ပြည်တို့၌သာလျှင် စုန်ဆန် ကျင်လည်ရခြင်း

၉။ စကြာဝတေးမင်းဖြစ်နိုင်ခြင်း

၁၀။ နောက်ဆုံးဘဝ၌ ပဒသညာကမထေရ်ကဲ့သို့ အာသဝေါတရား ကုန်ခမ်းသော ရဟန္တာအဖြစ်သို့ ရောက်ရှိနိုင်ခြင်း စသော အကျိုးများကို ရရှိနိုင်သည်။

*(အပဒါန် ပါဠိတော်)*

မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး၏

# ဆွမ်းဒါနအလှူ အကျိုး(၅)ပါး

## ဆုတောင်း အလင်္ကာ

၁။ အာယုဒါန၊ မြတ်ပုညကြောင့်၊ ဒေဝမနုဿာ၊ ဘုံနှစ်ရွာ၌၊ နှစ်ဖြာဇီဝ၊ ကောင်းကျိုးရ၍၊ ဘဝသံသရာ၊ လျှင်မကြာဘဲ၊ ခေမာအထွတ် တိုင်လိုသောဝ်။

၂။ ဝဏ္ဏဒါန၊ မြတ်ပုညကြောင့်၊ ဒေဝမနုဿာ၊ ဘုံနှစ်ရွာ၌၊ နှစ်ဖြာဝဏ္ဏ၊ ကောင်းကျိုးရ၍၊ ဘဝသံသရာ လျှင်မကြာဘဲ၊ ခေမာအထွတ် တိုင်လိုသောဝ်။

၃။ သုခဒါန၊ မြတ်ပုညကြောင့်၊ ဒေဝမနုဿာ၊ ဘုံနှစ်ရွာ၌၊ နှစ်ဖြာသုခ၊ ကောင်းကျိုးရ၍၊ ဘဝသံသရာ လျှင်မကြာဘဲ၊ ခေမာအထွတ် တိုင်လိုသောဝ်။

၄။ ဗလဒါန၊ မြတ်ပုညကြောင့်၊ ဒေဝမနုဿာ၊ ဘုံနှစ်ရွာ၌၊ နှစ်ဖြာဗလ၊ ကောင်းကျိုးရ၍၊ ဘဝသံသရာ လျှင်မကြာဘဲ၊ ခေမာအထွတ် တိုင်လိုသောဝ်။

၅။ ပညာဒါန၊ မြတ်ပုညကြောင့်၊ ဒေဝမနုဿာ၊ ဘုံနှစ်ရွာ၌၊ ပညာနှစ်ဝ၊ ကောင်းကျိုးရ၍၊ ဘဝသံသရာ လျှင်မကြာဘဲ၊ ခေမာအထွတ် တိုင်လိုသောဝ်။